


# မဂ်ဉာဏ်ကူးကြပါစို့

## သမ္မာဒိဋ္ဌိ (၅) မျိုး

ဟောကြားသည့်နေ့
၁ - ၃ - ၆၀

၈၀

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၄)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# မဂ်ဉာဏ်ကူးကြပါစို့

## (သမ္မာဒိဋ္ဌိ (၅) မျိုး)

ဟောကြားသည့်နေ့

(၁-၃-၁၉၆၀)

စာမူခွင့်ပြုချက် အမှတ် - ၂၄/၉၇ (၅)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

# ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
# မိုးကုတ်ဆရာတော်ဘုရားကြီး
# အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်
# မင်္ဂဉာဏ်ကူးကြပါစို့
# (သမ္မာဒိဋ္ဌိ (၅) မျိုး)

ဟောကြားသည့်နေ့ (၁-၃-၆၀)

သမ္မာဒိဋ္ဌိ ငါးမျိုး မကုန်သေးဘူးလို့ မှတ်ထားရမယ်. . . ဒီသမ္မာဒိဋ္ဌိဟာ တစ်နေ့လာလည်း သမ္မာဒိဋ္ဌိ၊ တစ်နေ့လာလည်း သမ္မာဒိဋ္ဌိလို့ အောက်မေ့ပြီး မနေနဲ့၊ သမ္မာဒိဋ္ဌိက နိဗ္ဗာန်ရောက်တဲ့နေရာ သူမပါမပြီးဘူးလို့မှတ်၊ ခေါင်းဆောင်တရားလို့မှတ်ပါ၊ သမ္မာဒိဋ္ဌိမပါဘဲ နိဗ္ဗာန်ရောက်တာမရှိဘူး။

ဘုရားလည်း သမ္မာဒိဋ္ဌိမပါဘဲနဲ့မဖြစ်ပါဘူး. . .၊ ဒါကြောင့် သမ္မာဒိဋ္ဌိက အရေးအကြီးဆုံးပဲ။

## သမ္မာဒိဋ္ဌိ (၅)မျိုးရှိတယ်

ဒါကြောင့် သမ္မာဒိဋ္ဌိသည် ဒကာ ဒကာမတို့ ဘယ်နှစ်မျိုးရှိပါလိမ့် . . . (ငါးမျိုးပါဘုရား)၊ ငါးမျိုးရှိတယ်ဆိုတာမှတ်ထားပါ။

(၁) ကမ္မဿကတသမ္မာဒိဋ္ဌိ
(၂) ဈာနသမ္မာဒိဋ္ဌိ
(၃) ဝိပဿနာသမ္မာဒိဋ္ဌိ
(၄) မဂ်သမ္မာဒိဋ္ဌိ၊ ဒကာ ဒကာမတို့
(၅) ဖိုလ်သမ္မာဒိဋ္ဌိ

ဘယ်နှစ်ခုရှိပါလိမ့် . . . (ငါးခုရှိပါတယ်ဘုရား)။

## သူ့အတန်းနဲ့သူ မြင်ရှာတာ

ငါးမျိုး ရှိပြီးသကာလနေတော့၊ ဒါ-သမ္မာဒိဋ္ဌိချည်းပဲ၊ သမ္မာက - မှန်တာ၊ ဒိဋ္ဌိက - မြင်တာ၊ အမှန်အကန်မြင်တဲ့တရား၊ ငါးမျိုးရှိတယ်လို့မှတ်ထားရမယ် . . . အမှန်အကန်မြင်တဲ့တရား . . . (ငါးမျိုးရှိပါတယ်ဘုရား)။

အဲဒီတော့ အမှန်အကန်မြင်တာပဲ၊ ငါးမျိုးတောင် ပြားရသလားဆိုတော့ အို-သူ့အတန်းသူ မြင်ရှာတာနော်။

ကလေးအတန်းက ကလေးတို့၏ သဘာဝအတိုင်း ကလေးတို့၏ အမြင်ပဲရှိမှာပဲ၊ အလတ်စားဟာ အလတ်စား

အမြင်၊ လူရွယ်တွေ လူရွယ်အမြင်၊ လူကြီးတွေ လူကြီးတွေ အမြင်၊ ဒီထက်ပိုပြီးသကာလ ရှေ့မီနောက်မီအမြင်က ရှေ့မီ နောက်မီအမြင်လို့ ဦးဘအုန်း အမျိုးမျိုးတော့ပြားမှာပဲ။

## ၁။ ကမ္မဿကတသမ္မာဒိဋ္ဌိ

မပြားထိုက်ဘူးလား . . . (ပြားထိုက်ပါတယ်ဘုရား)၊ အဲဒီကမ္မဿကတက ဉာဏ်အမြင်ဆိုတာတော့ ကောင်းတာ လုပ် ကောင်းကျိုးပေး, မကောင်းတာလုပ် မကောင်းကျိုးပေး နိုင်တယ်၊ ဒီအမြင် ဉာဏ်ပါလို့ဆိုရတယ်. . .၊ သို့သော် ဒီဉာဏ် အဆုံးဉာဏ်လို့ဆိုမလား၊ အစ, ဉာဏ်လေးမျှလို့ ဆိုမလား . . . (အစဉာဏ်လေးပါဘုရား)။

အစ, ဉာဏ်လေးမျှပဲရှိသေးတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကော ဒီဉာဏ်နဲ့ မတင်းတိမ်လောက်သေးဘူးလို့မှတ် လိုက်တာပေါ့။

## ၂။ ဈာနသမ္မာဒိဋ္ဌိ

ဒုတိယဉာဏ်ကလည်း သာသနာပမှာ အာနာပါနတွေ လုပ်၊ အမျိုးမျိုးသော ပထဝီကသိုဏ်း အစရှိသည်တို့ ဈာန်လမ်း တွေလုပ်၊ လုပ်ပြီးသကာလ ဒီဥစ္စာတွေသည် ဒီဈာန် အပ္ပနာ သမာဓိရခဲ့လို့ရှိရင် အပ္ပနာဇောတွေ ဇောနိုင်လို့ရှိရင် ၎င်းနဲ့သော၊

ရူပ အရူပ ဖြဟ္မာပြည်ရောက်မယ်၊ ရူပ အရူပ ဗြဟ္မာပြည် ရောက်မယ်လို့ သူ ဒီလောက်တော့လည်း သိသားပဲ၊ ဒါလည်း သမ္မာဒိဋ္ဌိပဲ။

သို့သော် သူသည် ဝဋ်ထဲကိုသာသိတယ်၊ ဝဋ်အပြင်ဘက် မရောက်သောကြောင့် သူလည်း ခုနကဟာနှင့် စာရင် အထက်တန်းကျသလိုနဲ့ လမ်းမဆုံးသေးဘူးမှတ်ရမယ်၊ အထက်တန်းကောမကျဘူးလား . . . (ကျပါတယ်ဘုရား)၊ လမ်းဆုံးပါရဲ့လား . . . (မဆုံးသေးပါဘုရား)။

## ၃။ ဝိပဿနာသမ္မာဒိဋ္ဌိ

ဒါကြောင့် ဒီသမ္မာဒိဋ္ဌိနှစ်ခုဟာလည်း ညံ့သေးဖျင်းသေးတယ်ဆိုတာ ဦးဝတို့ မှတ်ဖို့ပေါ့ . . .၊ ဒါဖြင့် ဘာအရေးကြီးလာတုံးဆိုတော့ ၃-နံပါတ်ဖြစ်တဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိသည် ဒကာ ဒကာမတို့၊ ဒါအရေးကြီးတော့တယ်၊ ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာက သာသနာတွင်းမှ ပေါ်နိုင်တယ်လို့ မှတ်ထားလိုက်တာပေါ့။

ကျန်တဲ့ ၁-တို့ ၂-တို့က သာသနာပလည်းရှိတယ်လို့ မှတ်ထားလိုက်တာပေါ့၊ ဒါဖြင့် သာသနာတွင်း သမ္မာဒိဋ္ဌိက ၃၊ သာသနာပ သမ္မာဒိဋ္ဌိက ၂-ပေါ့ဗျာ။

အဲဒီတော့ အခု ဒကာ ဒကာမတွေ သာသနာတွင်းလည်း ကြုံနေတာတစ်ကြောင်း၊ ဆရာသမားကောင်းလည်း

ကြုံနေတာ တစ်ကြောင်း၊ ဒီအကြောင်းတွေကြောင့် အလုပ်လုပ်ပြပြီး သကာလ၊ ခန္ဓာဇာတ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကိုသွားကြလို့ ဆိုတော့ ၃-နံပါတ်စပြီးသကာလ အရေးတကြီး ခင်ဗျားတို့ အလုပ်စခန်း သင်ရမယ်။

## အလုပ်လုပ်နည်းကိုသင်ရမယ်

အလုပ်လုပ်နည်းကို သင်ရမယ်၊ အလုပ်လုပ်နည်း သင်ခြင်းကြောင့် အကျိုးကျေးဇူးများပုံကို သိရမယ် . . .၊ ဒီလိုမှ သာလျှင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သာသနာတွင်းအလုပ်ကိုလည်း လုပ်ဖြစ်ရာရောက်၊ ဘဝများစွာ သံသရာက ဆိုးရွားလာတာလည်း ဒီကနေ အချေးဆပ်ရင် ရတယ်ဆိုတာလည်း မှတ်ထားဖို့ပါပဲ။

ဘဝများစွာ သံသရာက ဘယ်လိုမိုက်မိုက်, ဘယ်လိုတေတေ၊ ယခုဘဝ မသိမလိမ္မာလို့ ဘယ်လိုပဲမိုက်မိုက်, ဘယ်လိုပဲတေတေ၊ ကံကြီးငါးပါး မထိုက်လို့ရှိရင် ဘုန်းကြီးများက ဟာ. . . ဒကာ ဒကာမတို့ ဒုက္ခဇာတ်သိမ်းငြိမ်းတဲ့ဉာဏ်ရနိုင် သေးတယ်လို့ဆိုတာကိုပဲ အားပေးပါတယ်။

အားပေးတဲ့အတိုင်းပဲ ငြင်းနေစရာမလိုပါဘူး၊ ရနိုင်ပါတယ်လို့ပဲ ဆုံးဖြတ်ချက်ပေးပါတယ်။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့၊ ၃-နံပါတ် ဉာဏ် အရေးကြီးတယ်လို့မှတ်ပါနော် . . . (အရေးကြီးပါတယ်ဘုရား) ၃-နံပါတ် ဉာဏ်က ဘယ်ဟာ လှည့်ရမှာတုံးလို့ မေးလိုက်တယ် (မှန်ပါ့ဘုရား)၊ ၃-နံပါတ်ဉာဏ်သည် ဘယ်ဟာလှည့်ရမှာတုံး မေးတော့ ခန္ဓာပေါ်မှာ လှည့်ရမယ်လို့မှတ်ရမယ်. . .။

## ခန္ဓာပေါ်ဉာဏ်လှည့်ရမယ်

၃-နံပါတ်ဉာဏ်သည် ဘယ်အပေါ်လှည့်ရမှာတုံး. . . (ခန္ဓာပေါ်လှည့်ရပါမယ်ဘုရား)၊ ခန္ဓာပေါ် လှည့်ရမယ်ဆိုတော့ ရှေ့ပိုင်းမှာ ခန္ဓာသည် ဒကာ ဒကာမတို့၊ ငါးမျိုးရှိတယ်။

စက္ခုံစ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ ဩော်. . . ဝိညာဏက္ခန္ဓာလည်း ခန္ဓာပဲကိုး. . .။

အဲဒီ **သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတ ဝိညာဏံ**ဆိုတော့ ဒါလည်း ခန္ဓာငါးပါးပဲ ပေါင်းလိုက်တော့ ခန္ဓာငါးပါးချည်းပဲ။

မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ ဆိုတော့ လည်း ခန္ဓာငါးပါးပဲ၊ ပေါင်းလိုက်လို့ရှိရင် . . . ဒါဖြင့် ဒကာ ဒကာမတို့ ဒါ ပဋိစ္စသမုပ္ပါဒ်အစ, ခန္ဓာထဲ ပေါ်တဲ့ တရားအစ, ပဋိစ္စသမုပ္ပါဒ် အစလို့ ဆိုလိုက်တာပေါ့။

အဲဒီဝိညာဏခေတ် ဝိညာဏ်ရှိတဲ့အနက် မျက်လုံးဝိညာဏ်၊ ကိုယ်ပေါ်မှာ ယားယံကောင်းတဲ့စိတ်ကလေး၊ မနောထဲ ကြံစည် တွေးတောတဲ့စိတ်ကလေး၊ အဲဒီ ခြောက်မျိုးဟာ ဝိညာဏ်ချည်းပဲလို့ မှတ်လိုက်စမ်းပါ. . . ။

ဒီခြောက်မျိုးသည်ကားဆိုလို့ရှိရင် ဒကာ ဒကာမတို့ကို အမြဲတမ်း သူတို့ ခြောက်ခုဟာ ၃-နံပါတ်ဖြစ်တဲ့ ဝိပဿနာဉာဏ်နဲ့ ရှုလိုက်တော့ အိမ်က ပါတဲ့ကြားစိတ်လည်းမဟုတ်ဘူး၊ ထိုင်စက ကြားစိတ်လည်းမဟုတ်ဘူး၊ အခုအသံနှင့် ပေါင်းမိမှ သူသိရမယ်၊ ဉာဏ်နဲ့ သေသေချာချာ ကြားစိတ်လေး ရှိ-မရှိကို ကြည့်လိုက်တဲ့အခါကျတော့မှ ဦးဘအုန်းတို့ မှတ်စရာ။

အသံနဲ့ ဘုန်းကြီးအသံက ဗုဒ္ဓံ. . . လို့ ရွတ်လိုက်တော့ ဒကာ ဒကာမတွေက ဗုဒ္ဓံ-လို့ကြားတဲ့ ဝိညာဏက္ခန္ဓာတို့၊ ဝေဒနာက္ခန္ဓာတို့မပေါ်ဘူးလား၊ ပေါ်ကြလား . . . (ပေါ်ပါတယ် ဘုရား)။

အဲဒါလေးကို ဒကာ ဒကာမတို့ ၃-နံပါတ်ဖြစ်တဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ ရှုလိုက်စမ်းပါလို့ ဘုန်းကြီးက ပြောလိုက်တယ်၊ ရှုလိုက်တဲ့အခါကျတော့ ရှိသေးရဲ့လား . . . (မရှိတော့ပါဘုရား)။

## ခန္ဓာမရှိတာ သိတာ ဝိပဿနာသမ္မာဒိဋ္ဌိ

ဘာမရှိတာတုံး မေးလိုက်တယ် . . . (ခန္ဓာ မရှိတာပါ ဘုရား)၊ ဩော်. . . ခန္ဓာ မရှိတာသိတာ ဝိပဿနာ . . (မှန်ပါ့ ဘုရား)၊ ဦးဘအုန်း ဘာတဲ့တုံး . . . (ခန္ဓာမရှိတာ သိတာ ဝိပဿနာပါဘုရား)။

အေး. . . ဒီကနေ့ကစပြီး သေသေချာချာ ရေရေ လည်လည်မှတ်ကြစမ်းပါ၊ ဒကာ ဒကာမတို့၊ ခန္ဓာမရှိတာ သိတဲ့ဉာဏ်သည် ဝိပဿနာသမ္မာဒိဋ္ဌိ. . .၊ ခန္ဓာမရှိတာကို သိတဲ့ သမ္မာဒိဋ္ဌိသည်. . . (ဝိပဿနာသမ္မာဒိဋ္ဌိပါဘုရား)။

အဲ. . . ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာ ခန္ဓာမရှိတာသိတဲ့ တရား၊ ဒါ မနေ့က မပြောသေးဘူး၊ ဒီနေ့ အထူးထည့်ပေးတယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဝိပဿနာရှုဆိုတာ ဘာပါလိမ့် . . . (ခန္ဓာမရှိတာ သိတဲ့ တရားပါဘုရား)၊ ခန္ဓာမရှိတာ သိတဲ့အလုပ် ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)၊ ဝိပဿနာဆိုတာ ဘာပါလိမ့် . . . (ခန္ဓာမရှိ တာ သိတာပါဘုရား)။

## လိုချင်လို့ရထားတဲ့ခန္ဓာ

ဩော်. . . နေရာကျလိုက်တာ ဦးဘအုန်း၊ နေရာကျ လိုက်တာ၊ ဦးဘတင် အတော်နေရာကျပြီဗျ၊ ဘာဖြစ်လို့ နေရာ ကျသတုံးလို့ ဆရာဘုန်းကြီးက ဒီလောက်တောင် ချီးမွမ်းပြီး သကာလ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အမှန်းတင်ပြီး ပြောရ ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာဟာ လိုချင်လို့ ရထား တာ . . .။

ခန္ဓာကြီးဟာ လောကကြီးထဲ ဒကာ ဒကာမတို့ မလိုချင် ဘဲနဲ့ ရထားတဲ့ ခန္ဓာများရှိကြရဲ့လား . . . (မရှိပါဘုရား)၊ မလို ချင်ဘဲနဲ့ ရထားတဲ့ ခန္ဓာမရှိဘူး၊ လိုချင်လို့ရထားတာ။

အဲဒီ. . . ခန္ဓာ ရနေသရွေ့ ကာလပတ်လုံးလည်း ခန္ဓာနဲ့ နိဗ္ဗန်နဲ့ဟာကလည်း ဒုက္ခသစ္စာ၊ နိရောဓသစ္စာဆိုတော့ မိုးနဲ့မြေကြီးက နီးပါသေးတယ်။

သူတို့နှစ်ခုက ဝေးတယ်. . .၊ မဝေးဘူးလား. . . (ဝေးပါတယ်ဘုရား)၊ အဲဒီလို ဝေးတာတွေ သိထားတော့မှ ဩော်. . . ခန္ဓာမရှိတာ သိမှသာလျှင် နိဗ္ဗာန်နှင့် နီးတော့မယ်။

ခန္ဓာမရှိတာ သိမှ . . . (နိဗ္ဗာန်နှင့်နီးပါတယ်ဘုရား) ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့၊ ၃-နံပါတ် ဝိပဿနာ ဉာဏ်သည်၊ ဝိပဿနာသမ္မာဒိဋ္ဌိသည် ဘာကိုသိသတုံး. . . (ခန္ဓာမရှိတာသိပါတယ်ဘုရား)။

ခန္ဓာမရှိတာသိ. . . သိပ်နေရာကျသွားပြီ၊ ဟေ. . . ဒကာ ဒကာမတို့၊ ဝိပဿနာရှုတာသည် ဘယ်အကျိုးငှာ ရှုရသတုံး. . . (ခန္ဓာမရှိတာ သိအောင်ရှုရပါတယ်ဘုရား)၊ ခန္ဓာမရှိတာ သိအောင် ရှုခိုင်းတယ်ဆိုတာ သဘောပါပြီနော် . . . (ပါ-ပါပြီဘုရား)၊ ခန္ဓာမရှိတာကို . . . (သိအောင်ရှုခိုင်း တာပါဘုရား)။

ဘယ်သူ့ခန္ဓာတုံးလို့ ဆက်ပြီး မေးလိုက်တော့မှ ဘယ်လို ဖြေကြပါ့မတုံး. . . (မိမိခန္ဓာကိုယ် ရှုရမှာပါဘုရား)၊ မိမိခန္ဓာ နဂိုက မိမိခန္ဓာ ထင်နေတဲ့။

## မိမိခန္ဓာထင်နေတယ်

မိမိခန္ဓာထင်နေတယ်၊ ငါကြားတယ်၊ ငါ့စိတ်နဲ့ ငါကိုယ်တိုင်ကြားပါတယ်၊ စိတ်ကို ငါလည်းစွဲလိုက်သေးတယ်. . . (မှန်ပါ့ဘုရား)၊ တစ်ခါတည်း ဒီခန္ဓာကိုယ်ကိုလည်း ငါကိုယ်တိုင်ကြားပါတယ်လို့ ပြောလိုက်တဲ့အခါကျလို့ရှိရင် ဒီခန္ဓာငါးပါးတစ်ခါတည်း ဒကာ ဒကာမတွေ ကိုယ့်ကိုယ် ကိုယ့်ဟာလည်းလုပ်ထားတာကြောင့် ဒီခန္ဓာငါးပါးက ကြားနေတယ်တဲ့၊ တကယ်လည်း ထင်တာပဲ။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာငါးပါးက ကြားတယ်ဆိုတော့ဖြင့် သဘောကျပါပြီ၊ မှန်လဲ မှန်ပါတယ်။

သို့သော် ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ ကြည့်လိုက်တော့ကြားတဲ့ ခန္ဓာငါးပါး ရှိ-မရှိ. . . (မရှိပါဘုရား)၊ ကြားတဲ့ခန္ဓာငါးပါး မရှိဘူး လို့ သိလိုက်တာ၊ ဩော်. . . မိမိတို့သေမှုကို မိမိသိတာပဲ။

မိမိတို့ရထားတဲ့ ခန္ဓာကြီး ပျက်စီးမှုကို မိမိတို့ သိတာပဲသဘောကျပလား. . . (ကျပါပြီဘုရား)။

မိမိတို့ရထားတဲ့ခန္ဓာငါးပါး၏ ပျက်စီးမှုကို . . . (မိမိသိတာ ပါဘုရား)၊ ဩော်. . . ဦးဘအုန်း သိပ်အဖိုးတန်သွားပြီ၊ သိပ်အဖိုးတန်သွားပြီ ဒကာ ဒကာမတို့။

ဩော်. . . ဝိပဿနာသမ္မာဒိဋ္ဌိက တယ်နေရာကျပါလား၊ မိမိတို့ တစ်သံသရာလုံးစွဲလာတဲ့ ခန္ဓာကြီး ဒီခန္ဓာကြီးနဲ့ ကွဲမှုလဲ နိဗ္ဗာန်က နီးတာ။

အခုတော့ ဒီခန္ဓာကြီး မရှိတာ သိရတဲ့အတွက် အင်း. . . ခန္ဓာနဲ့ဖြင့် ခန္ဓာမရှိတာ သိရပြီ ဆိုတာသည် ဝိပဿနာ သမ္မာ ဒိဋ္ဌိဖြစ်လာပြီ။

## နိဗ္ဗာန်မှာခန္ဓာမရှိဘူး

ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်လာကတည်းက ဒကာ ဒကာမတို့ ခန္ဓာမရှိတာသိတော့ကို နိဗ္ဗာန်မှာ ခန္ဓာမရှိဘူး၊ ခုလည်း ခန္ဓာမရှိတာတော့ သူသိလာပြီ။

ဒါဖြင့် ဒီအသိတာရှည်သွားလို့ရှိရင်ဖြင့် နိဗ္ဗာန်နဲ့ ကပ်နေပြီတဲ့၊ အသိတာရှည်ရင်. . . (နိဗ္ဗာန်နဲ့ကပ်နေပါတယ်ဘုရား)။

နိဗ္ဗာန်ကပ်နေပြီလို့ ဆုံးဖြတ်ချက်ချကြစမ်းပါ. . .၊ နားကြီးကြီးနဲ့ ထောင်ကြနော်။

ဘယ့်နှယ်အမိန့်ရှိပါလိမ့်. . . (နားကြီးကြီးနဲ့ထောင်ရမှာပါဘုရား)၊ နားကြီးကြီးနဲ့ထောင်ပါဆိုတာ ဦးဘအုန်း ဒါခြောက် ပြောတာမဟုတ်ဘူးနော်။

ဒါ ခြောက်ပြောတာလည်း မဟုတ်ဘူး၊ ဒကာ ဒကာမတွေ၊ တစ်သက်နဲ့ တစ်ကိုယ် တစ်သံသရာနဲ့ တစ်နားဆို သလို အခုကြားရတာ။

တစ်သံသရာနဲ့ တစ်နားဆိုသလို ကြားရတော့ ခန္ဓာမရှိတာကို သိအောင်ရှုတာသည် ဝိပဿနာသမ္မာဒိဋ္ဌိ။

ဒါဖြင့် နိဗ္ဗာန်ခန္ဓာရှိ-မရှိ. . . (မရှိပါဘုရား)၊ ရှိရင် နိဗ္ဗာန်ဟာ ဒုက္ခသစ္စာ ဖြစ်အုံးမှာပေါ့။

အဲဒီတော့ ခန္ဓာမရှိတာ သူသိစပြုလာပြီ၊ ဘယ်လိုဆိုကြမယ် . . . (ခန္ဓာမရှိတာ သူသိစပြုလာပါပြီဘုရား)၊ ခန္ဓာမရှိတာ သူသိစပြုလာပြီဆိုတော့ ဦးဘတင် နိဗ္ဗာန်နဲ့ နီးသလား-ဝေးသလား. . . (နီးပါတယ်ဘုရား)။

## မဂ်ဉာဏ်နဲ့အနီးဆုံး

နီးလာပြီ၊ အဲဒါကြောင့် ဒကာ ဒကာမတို့ ဝိပဿနာဉာဏ်သည် နိဗ္ဗာန်ကိုမြင်တဲ့ မဂ်ဉာဏ်နဲ့ အနီးဆုံးဟော့လို့ သံယုတ်အဋ္ဌကထာ ဆရာက ပြောတာဟာ သေသေချာချာ ကိုက်တယ်၊ ဝိပဿနာဉာဏ်သည်. . . (မဂ်ဉာဏ်နီးနီးလေးပါဘုရား)၊ အနီးဆုံး၊ မဂ်ဉာဏ်နဲ့ အနီးဆုံး။

မဂ်ဉာဏ်က နိဗ္ဗာန်မြင်တာကိုဗျာ့၊ ဝိပဿနာဉာဏ်သည် ဘယ်ဉာဏ်နှင့်နီးတုံး . . . (မဂ်ဉာဏ်နဲ့ နီးပါတယ်ဘုရား)၊ မဂ်ဉာဏ်နဲ့နီးတော့ မဂ်ဉာဏ်က ဘာမြင်တုံး . . . (နိဗ္ဗာန်မြင်ပါတယ်ဘုရား)။

ဝိပဿနာဉာဏ်က ဘာမြင်တုံး . . . (မဂ်ဉာဏ်မြင်ပါတယ်ဘုရား) ဟင်. . . အင်း. . . ရမ်းလို့မရဘူး၊ ဝိပဿနာဉာဏ်က ဘာမြင်တုံး . . . (ခန္ဓာမရှိတာ မြင်ပါတယ်ဘုရား)၊

ဝိပဿနာ ဉာဏ်က ဘာမြင်တုံး . . . (ခန္ဓာမရှိတာ မြင်ပါတယ်ဘုရား)။

သူ့နောက်ကလာတဲ့ မင်ဂ်ဉာဏ်ကတော့ . . . (နိဗ္ဗာန်မြင်ပါတယ်ဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့၊ ဝိပဿနာဉာဏ်ကလည်း တစ်စိတ်တစ်ဒေသ သူ နိဗ္ဗာန်မြင်တယ်၊ ခန္ဓာမရှိတာဘဲ သူမြင်တယ်၊ ဟို. . . နိဗ္ဗာန်ဆိုတာကလည်း၊ မင်ဂ်ဉာဏ်ဆိုတာကလည်း၊ ခန္ဓာမရှိတာပဲ။

နိဗ္ဗာန်ကလည်း. . . (ခန္ဓာမရှိတာပါဘုရား)၊ ဝိပဿနာဉာဏ်ကလည်း. . . (ခန္ဓာမရှိတာပါဘုရား)၊ အဲဒီတော့ ဟိုဟာက အမြဲမရှိတာကို မြင်တာ၊ သူက ခဏမရှိတာကိုမြင်တာ။

ဒါလောက်တင် ခြားနားတယ်လို့မှတ်ပါ. . ၊ တော်တော့ကို နိဗ္ဗာန်နဲ့ နီးသွားပြီ. . . (မှန်ပါ့)၊ ဒကာ ဒကာမတွေ အားမလျှော့ပါနဲ့၊ ဒီဥစ္စာ လေးစားစွာနဲ့သာ မှတ်ပေတော့. . . ဝိပဿနာ ဒို့ရှုမဟော့။

## အားခဲပြီးသာရှုပါ

နိဗ္ဗာန်နဲ့ အနီးကလေးကျန်တော့တယ်ဟာဆိုပြီး အားခဲပြီးသာ ရှုပါလို့ သတိပေးလိုက်ပါတယ်. . . (မှန်ပါ့)၊ ဦးဘအုန်း ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ ကဲ. . . တစ်ခေါက်ပြန်ပြောပါအုံးမယ်၊ ဒီဥစ္စာ အရေးကြီးလို့နော်။

အရေးကြီးလို့တဲ့ အထက်ဉာဏ်တွေကို ရော အကုန်ပြောမှာပဲ၊ ပြောပင် ပြောငြားသော်လည်း ဝိပဿနာ ဉာဏ်မှာ ပြောစရာမကုန်သေးလို့ ထပ်ပြောနေပါတယ်။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့၊ ဝိပဿနာဉာဏ်က ဘယ်ဟာကိုမြင်သတုံး . . . (ခန္ဓာမရှိတာ မြင်ပါတယ်ဘုရား) ကောင်းပြီ၊ သူ့နောက်မှာ လာတဲ့မဂ်ဉာဏ်က ဘာမြင်သတုံး. . (နိဗ္ဗာန်မြင်ပါတယ်ဘုရား)၊ ဒါဖြင့် ခန္ဓာမရှိတာလည်း ဘာခေါ် ကြမယ်. . . (နိဗ္ဗာန်ခေါ်ပါတယ်ဘုရား)။

## ဝိပဿနာကခဏနိဗ္ဗာန်သာမြင်တယ်

နိဗ္ဗာန်ပဲ၊ ကဲ . . . ဝိပဿနာက ခဏနိဗ္ဗာန်ကိုသာ မြင်တယ်၊ မဂ်ဉာဏ်က အမြဲနိဗ္ဗာန်ကိုမြင်တယ်ဆိုတော့ ဩော်. . . သူတို့နှစ်ခုဟာ အင်မတန် နီးကပ်ပါကလားဆိုတဲ့ အဓိပ္ပါယ်ရှင်းပလား၊ မနီးကပ်ဘူးလား. . . (နီးကပ်ပါတယ် ဘုရား)။

နီးကပ်တယ်လို့ သေသေချာချာမှတ်ပါ၊ ဒကာ ဒကာမတို့ ဝိပဿနာဉာဏ်မပါဘဲနဲ့ မဂ်ဉာဏ်မပေါ်နိုင်ဘူးဆိုတာလည်း သေချာပြီမဟုတ်လား . . . (သေချာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဝိပဿနာဉာဏ် ဒကာ ဒကာမတို့၊ ဘာကိုမြင်သတုံး. . . (ခန္ဓာမရှိတာကို မြင်ပါတယ်ဘုရား)။

နိဗ္ဗာန်ဆိုတာ ဘာပါလိမ့် . . . (ခန္ဓာမရှိတာပါဘုရား)။ အဲ. . . နိဗ္ဗာန်ဆိုလည်း ခန္ဓာမရှိတာ၊ ဝိပဿနာဉာဏ်ကလည်း ခန္ဓာမရှိတာကို မြင်တာပဲ။

ထိုကဲ့သို့ မြင်မှု ဘာထူးသတုံးမေးတော့ ခဏမရှိတာလည်း ခဏနိဗ္ဗာန်၊ အမြဲမရှိတာက အမြဲနိဗ္ဗာန်။

## ဝိပဿနာဉာဏ်ရတဲ့ပုဂ္ဂိုလ် သေပျော်ပြီ

ဒါလေးပဲ ကွာခြားတော့တယ်၊ ဒါဖြင့် ဝိပဿနာဉာဏ်ရတဲ့ပုဂ္ဂိုလ် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သေပျော်ပြီဟော့သာ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဝိပဿနာဉာဏ်ရတဲ့ပုဂ္ဂိုလ်. . . (သေပျော်ပါပြီဘုရား) အဲ. . . ခဏနိဗ္ဗာန် သူမြင်ပကောဗျာ့ . . . (မှန်ပါ့ဘုရား)၊ ခဏနိဗ္ဗာန် သူမြင်လို့ ဆက်ရှုလိုက်ရင် သူရတော့မယ်။

ဘာ ပါရမီတွေ ဘာတွေလိုသေးလား. . . (မလိုပါဘုရား)၊ မလိုပါဘူး ဦးဘအုန်းရေ၊ အားစိုက်မှုရှိဖို့လိုတယ်။

သမ္မပ္ပဓာန် လေးပါး အားစိုက်မှုပဲလိုပါတယ်၊ ကိုင်း ဒါဖြင့် မြင်ပုံတော့ဖြင့် ရှင်းသွားပြီနော်။

ဝိပဿနာဉာဏ်သည် ခန္ဓာမရှိတာကို မြင်သည်ဆိုတော့ နားထဲ ခန္ဓာငါးပါးမပေါ်ဘူးလား၊ ဘုန်းကြီးအသံ

ကြားတော့. . . (ပေါ်ပါတယ်ဘုရား)၊ ကြည့်စမ်း နောက်က ကိုယ့်ဉာဏ်ကို. . . (မရှိပါဘူးဘုရား)။

ဘာတွေမရှိတာပါလိမ့်. . . (ခန္ဓာတွေ မရှိတာပါဘုရား) ခန္ဓာမရှိဘူး၊ ဝိညာဏက္ခန္ဓာလည်းမရှိဘူး၊ ဝေဒနာက္ခန္ဓာကော၊ သညာက္ခန္ဓာကော. . . (မရှိပါဘုရား)။

အင်း. . . နားထဲသောတပသာဒရုပ်ဆိုတဲ့ ရူပက္ခန္ဓာကော. . . (မရှိပါဘုရား)၊ အဲ. . . ဒါဖြင့် ဝိပဿနာဉာဏ် ခန္ဓာမရှိတာကို မြင်တယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ခန္ဓာမရှိတာကို မြင်တယ်ဆိုတာ ကဲ. . . ဒကာသစ်တို့၊ ကိုမြရွှေတို့၊ သေချာပလား . . . (သေချာပါတယ်ဘုရား)၊ ခန္ဓာမရှိတာ မြင်တာသည် ခဏနိဗ္ဗာန်။

## သာသနာတွင်းတရား

ခဏနိဗ္ဗာန်ကို သူတွေ့အောင်ရှာနိုင်တဲ့ တရားဖြင့် သာသနာတွင်းတရား ဦးဘအုန်း ကောင်းကောင်းကျေနပ်ဖို့ ကောင်းပါတယ်။

ဦးဘအုန်း ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား) နောက်က ဒကာ ဒကာမတွေ. . . (ကျေနပ်ပါတယ်ဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ဒီနိဗ္ဗာန်ဟာ ဝိပဿနာဉာဏ်ကမှ စပြီး

သင်္ကာလ နိဗ္ဗာန်ကို တစ်စိတ်တစ်ဒေသ မမြင်သေးလို့ရှိရင် ဘယ်မှာသာလျှင် မဂ်ဉာဏ်ပေါ် ဖွယ်ရာ အကြောင်းမမြင်သေး ပါဘူး။

ကောင်းပြီ ဒါဖြင့် အလွန်လေးလေးစားစားနဲ့ ကြားတဲ့ စိတ်ကို ဖြစ်ပျက်ရှုပါ၊ မြင်တဲ့စိတ်ကလေးကို. . . (ဖြစ်ပျက်ရှုရ ပါမယ်ဘုရား)။

အဲ. . . ဒါ ခန္ဓာမရှိတာချည်းမြင်ရမှာပဲ၊ နံတဲ့စိတ် ကလေး နှာခေါင်းထဲကြည့်လိုက်၊ နံပြီးကြည့်လိုက်. . . (မရှိ ပါဘုရား)၊ ဘာမရှိတာ မြင်တုံး. . . (ခန္ဓာမရှိတာ မြင်ပါတယ် ဘုရား)။

ခန္ဓာမရှိတာ မြင်တာပဲ၊ ဒါဖြင့် ဝိပဿနာဉာဏ် သည် ခန္ဓာကို စွန့်တယ်ဆိုတာ ဟုတ်ပြီ၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## အလွန်အဖိုးတန်တယ်

ကောင်းပြီ၊ ဒါဖြင့် ၃-နံပါတ် ဦးဘတင်ရေ အတော်ခရီး ရောက်ပါလား. . . (ရောက်ပါတယ်ဘုရား)၊ ၃-နံပါတ်ဟာ ဒကာ ဒကာမတို့၊ ခန္ဓာမရှိတာ မြင်အောင်ကြည့်နိုင်တဲ့ ဉာဏ် ဖြစ်လေသောကြောင့် အလွန်ကို အဖိုးတန်တယ်ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)၊ ကျပြီနော်။

ဒါလောက်တောင် ကျေးဇူးများတယ်လို့ ဦးဘအုန်းတို့ မယူပါနဲ့အုံး၊ မူလပဏ္ဏာသ အဋ္ဌကထာဆရာက၊ ဒါလောက်တင် မကသေးပါဘူးကွတဲ့၊ ဒါဖြင့် ဒကာ ဒကာမတို့၊ ဒါက ခန္ဓာငါးပါး ပဲထားလိုက်ပါတော့။

ဒါက ခန္ဓာငါးပါး၊ ဒါက ဝိပဿနာဉာဏ် ဆိုကြပါစို့နော်၊ ခန္ဓာငါးပါးဟာ ပေါင်းထားတော့ - ဝိညာဏ်က ခင်ဗျားတို့ သိတဲ့ အတိုင်း ငါးခုပေါ့ဗျာ။

မဂ္ဂင်ငါးပါးက ဘာခေါ်ကြမယ် . . . (ဝိပဿနာဉာဏ် ပါဘုရား)၊ ဝိပဿနာဉာဏ်ပေါ့ဗျာ၊ ဉာဏ်က ခေါင်းဆောင် နေတာကိုး၊ သမ္မာဒိဋ္ဌိက ဆောင်နေတယ်။

ကောင်းပြီ ဒါဖြင့် ဝိပဿနာ ဉာဏ်သည် မရှိတဲ့နားထဲ ပေါ်တဲ့ ခန္ဓာငါးပါးကိုလည်း မရှိတာသိတယ်၊ နှာခေါင်းထဲပေါ် တဲ့ ခန္ဓာငါးပါးကိုလည်း . . . (မရှိတာ သိပါတယ်ဘုရား)။

ကိုယ်ပေါ်မှာပေါ်တဲ့ ခန္ဓာငါးပါးကိုကော . . . (မရှိတာ သိပါတယ်ဘုရား)၊ မရှိတာချည်းသိတယ်၊ ဩော် . . . နေရာကျလိုက်တာ၊ မရှိတာချည်း သိတော့ကို ဝိပဿနာဉာဏ် သည်မရှိတာချည်းသိ၊ သိရုံပဲလားလို့ မေးဖို့လိုလာတယ်။

မရှိတာတင် သိတာမဟုတ်သေးပါဘူး ဒကာ ဒကာမတို့ ဒီနားထဲမှာ ကြားတယ်၊ ကြားလို့ သဘောကျလိုက်တာဆိုတဲ့ တဏှာကော ဒါမရှုရင်တော့ လာမယ်၊ ကြားလို့မုန်းလိုက် တာဆိုတဲ့ ဒေါသကော . . . (လာပါတယ်ဘုရား)။

ကြားတော့ ဘာမှန်းမသိတဲ့ မောဟကော. . . (လာပါ တယ်ဘုရား)၊ အဲဒီ လောဘ, ဒေါသ, မောဟဆိုတဲ့ ကိလေသာ တွေ လာသေးရဲ့လား မရှိတာသိနေတဲ့အချိန်မှာ . . . (မလာပါ ဘုရား)၊ မလာဘူးနော် . . . ။

## ဝိပဿနာသမ္မာဒိဋ္ဌိက ခန္ဓာစွန့်တဏှာစွန့်

ဒါဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိသည် ကိုမြရွှေတို့ ဪ. . . ခန္ဓာလည်းစွန့် တဏှာလည်းစွန့်ပါလားလို့ မှတ်လိုက်။

သဘောကျပလား. . . (ကျပါပြီဘုရား)၊ ခန္ဓာလည် . . . (စွန့်ပါတယ်ဘုရား)၊ တဏှာလည်း . . . (စွန့်ပါတယ ဘုရား)၊ အို-သိပ်အဖိုးတန်ပါပေါ့လား ဦးဘအုန်းရေ. . . (မှန်ပါ့)။

ဒါ ခင်ဗျားတို့ အပြောလား၊ အခုအပြန့်မရှင်းဘူးလာ . . . (အပြန့်ရှင်းပါတယ်ဘုရား)၊ ဒီကခန္ဓာငါးပါးကလည် မရှိတာသိလို့ စွန့်ပြီးသားဖြစ်နေတယ်။

ဒီက. . . နောက်ကလည်း ပေါ်ခွင့်မရလို့တဏှ ဥပါဒါန်တွေကကော မသိဘူးလား. . . (သိပါတယ်ဘုရား ဒါဖြင့် ဝိပဿနာဉာဏ်တစ်ချက်တည်းသည် အလယ်ကနေ တောင်းနှစ်လုံးထမ်းသလို၊ နှစ်လုံးစလုံးဟာ ပုခုံးပေါ်ရော သလို ဟင်. . . ။

ခန္ဓာလည်းစွန့်၊ တဏှာလည်းစွန့်၊ ဝိပဿနာဉာဏ်ရဲ့ ကိစ္စဟာ ဘာကို ဘယ်လိုရွက်ဆောင်လေ့ရှိပါလိမ့်မလဲလို့ မေးလို့ရှိရင်. . . (ခန္ဓာလည်းစွန့်, တဏှာလည်းစွန့်ပါတယ် ဘုရား)။

## ခန္ဓာစွန့်တာနိဗ္ဗာန်မြင်တာ

သွားပြီ ခန္ဓာစွန့်, တဏှာစွန့်ဆိုကတည်းက ဒကာ ဒကာမ တို့ ခန္ဓာစွန့်တာက နိဗ္ဗာန်မြင်တာ။

နိဗ္ဗာန်ကို တစ်စိတ်တစ်ဒေသ ရတာ၊ တဏှာစွန့်တာက တဲ့၊ သံသရာပြတ်တာ၊ တဏှာစွန့်တာက . . . (သံသရာပြတ် တာပါဘုရား)၊ ရှင်းပြီနော်။

## တဏှာစွန့်တာ သံသရာပြတ်တာ

ခန္ဓာစွန့်တာက နိဗ္ဗာန်မြင်တာ၊ တဏှာစွန့်တာက. . . (သံသရာပြတ်တာပါဘုရား)၊ အနာဂတ် သံသရာပြတ်တယ်။

ဒါဖြင့် ဝိပဿနာဟာ ဦးဘတင်ရေ အတော်အဖိုးတန် ပါလား၊ သေသေချာချာ အခုပြောတာ ဒကာ ဒကာမတို့ ဘုန်းကြီးစိတ်ထားနဲ့ ဘုန်းကြီးအမြင်နဲ့ ပြောနေတယ်လို့ မအောက်မေ့နဲ့။

တဏှာသခ်ယသုတ်မှာဖြင့် ကိုယ်တော်မြတ်ကြီးကို သိကြားက မေးလို့ ဒီအဓိပ္ပါယ် ဘုရားက ဖြေတော်မူတယ်၊ တဏှာ သခ်ယသုတ်မှာ . . . (မှန်ပါ)။

သဘောပါပြီလား. . . (ပါ-ပါပြီဘုရား)၊ တဏှာသခ်ယ ဆိုတာ တဏှာကုန်တဲ့သုတ်ပေါ့ဗျာ။

အဲဒီမှာ သေသေချာချာ ဟောလို့၊ ဘုန်းကြီးက ဒီဥစ္စာ ဝိပဿနာ သမ္မာဒိဋ္ဌိဟာ ဤမျှလောက် ကျေးဇူးများတယ်ဆိုတဲ့ ဥစ္စာကို အဲဒီဟာက ယူပြီးသကာလ ပြောနေတာ။

ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဒါဖြင့် ဝိပဿနာ ဉာဏ် လုပ်တဲ့ပုဂ္ဂိုလ်များသည် ခန္ဓာစွန့်ခြင်းကြောင့်လည်း နိဗ္ဗာန် တွေ့ရတယ်။

တဏှာစွန့်ခြင်းကြောင့်လည်း သံသရာပြတ်တယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ မယုံရင် ဒီဘက် ခန္ဓာငါးပါးရှိ၊ ကြားတဲ့ခန္ဓာငါးပါး၊ နံတဲ့ ခန္ဓာငါးပါး ရှုကြည့် မြင်သေးရဲ့လား . . . (မမြင်ပါဘုရား)၊ ခန္ဓာမရှိတာ သူမသိဘူး လား. . . (သိပါတယ်ဘုရား)။

ခန္ဓာမရှိတာ သူ သိတာသည် ဝိပဿနာဉာဏ်သည် ခန္ဓာကိုလည်း စွန့်ပါတယ်၊ တဏှာကိုလည်း မစွန့်ဘူးလား ဆိုတော့. . . (စွန့်ပါတယ်ဘုရား)။

ခုနက မရှိတာ မရှုလို့ရှိရင်ဖြင့် ကြားလို့ ကောင်းတယ်၊ မကောင်းတယ် လာမယ်၊ မလာပေဘူးလား. . .(လာပါတယ်ဘုရား)။

ခုတော့လာသေးရဲ့လား. . .(မလာပါဘုရား) အဲ. . . ဝိပဿနာဉာဏ်က အလယ်ကနေပြီးသကာလ ဒကာ ဒကာမတွေ တို့ခန္ဓာစွန့်၊ တဏှာစွန့်တဲ့ စွမ်းရည်သတ္တိရှိတဲ့ တရားဖြစ်လေသောကြောင့် အဖိုးတန်တော့မယ်လို့ ဆုံးဖြတ်ချက်ချပါ. . .(မှန်ပါ့)။

## နိဗ္ဗာန်မြင်တယ်၊ သံသရာပြတ်တယ်

သိပ်ကံကောင်းတဲ့ ဒကာ ဒကာမတွေပဲ၊ ဝိပဿနာလုပ်တာ ကုသိုလ်ရတယ်လို့ ခင်ဗျားတို့က အောက်မေ့နေတယ်။

မဟုတ်ပါဘူးဗျာ၊ ကုသိုလ်ရရုံလေးဖြင့် ဘုန်းကြီးဟောကို မဟောဘူး၊ သဘောကျပလား. . .(ကျပါပြီဘုရား)။

ကုသိုလ်ရတာ မဟုတ်ပါ ဒကာ ဒကာမတို့၊ နိဗ္ဗာန်မြင်တယ်၊ သံသရာပြတ်တယ်လို့ ယူလိုက်စမ်းပါ။

ဦးဘအုန်း ဘယ်လိုမှတ် . . .(နိဗ္ဗာန်မြင်ပြီး သံသရာပြတ်ပါတယ်ဘုရား)၊ ကုသိုလ်ပေမယ့်လည်း သာမညကုသိုလ်ထဲသွင်းလို့တော်ပါ့မလား. . .(မတော်ပါဘုရား)။

မတော်ပါဘူးတဲ့၊ သာမညကုသိုလ်နဲ့ ကိုမြရွှေ ဒါ အတော်ခြားနားနေတယ် . . . (ခြားနားနေပါတယ်ဘုရား)၊ မခြားနား ဘူးလား . . . (ခြားနားပါတယ်ဘုရား)၊ ရှုလိုက်တော့ ခန္ဓာ ငါးပါး ဘယ့်နှယ်နေတုံး . . . (မရှိပါဘုရား)။

မရှိတော့ စွန့်ပြီးသား မကျဘူးလား . . . (ကျပါတယ် ဘုရား)၊ နောက်က တဏှာကော လာသေးလား . . . (မလာပါ ဘုရား)၊ ဩော် . . . ဒါဖြင့် ဝိပဿနာဉာဏ်သည် ခန္ဓာလည်း စွန့်၊ တဏှာလည်းစွန့်။

## ဝိပဿနာဉာဏ်ကနိဗ္ဗာန်ကိုမြင်တယ်

အကျိုးပြောစမ်းပါဆိုတော့ နိဗ္ဗာန်လည်း ခဏမြင်တယ် ဟုတ်လား၊ သံသရာကြီးလည်းပြတ်တယ်၊ နောက်သံသရာ အိုဘေး, နာဘေး, သေဘေးတွေ အကုန်ဖြတ်ချလိုက်တယ်။

သဘောပါပလား . . . (ပါ,ပါတယ်ဘုရား)၊ ဒါဖြင့် တစ်ချက်တည်း ရှုတာဟာ အလွန်ကျေးဇူးများတယ်ဆိုတာ ပေါ်လာပလား . . . (ပေါ်ပါတယ်ဘုရား)။

တစ်ချက်တည်း ဒီလိုသာ မြင်လိုက်လို့ရှိရင်ဖြင့်တဲ့ ဒကာသစ်တို့၊ ကိုမြရွှေတို့ ဘယ်လောက် ဒိပြင်ကုသိုလ်ထက် အဆပေါင်း ထောင်ပေါင်း သိန်းသောင်းမက သာတယ်လို့ ဘုရားဟောတာ ဟောသင့်တယ် . . . (ဟောသင့်ပါတယ် ဘုရား)၊ မဟောသင့်ဘူးလား . . . (ဟောသင့်ပါတယ်ဘုရား)။

ခဏနိဗ္ဗာန်လည်းသူမမြင်လား. . . (မြင်ပါတယ် ဘုရား)၊ အင်း. . . သံသရာ ပြတ်တာလည်း မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)၊ တဏှာမှ မလာဘဲနဲ့ ဦးဘအုန်း ဥပါဒါန်, ကံတွေ လာစရာလိုသေးလား. . . (မလိုပါဘူးဘုရား)။

အဲဒါကြောင့် အကျဉ်း မှတ်ထားစမ်းပါ၊ ဝိပဿနာ ရှုတဲ့ ပုဂ္ဂိုလ်များမှာ နိဗ္ဗာန်မြင်၍ သံသရာပြတ်တယ်။

ကုသိုလ်ရရုံတင်မကပါဘူး၊ နိဗ္ဗာန်မြင်၍ . . . (သံသရာပြတ်ပါတယ်ဘုရား)၊ ဩော်. . . နိဗ္ဗာန်လည်းမြင်သေးတယ်၊ သံသရာလည်း ပြတ်သေးတယ်ဆိုတော့ ဒုက္ခသစ္စာ ပြတ်တယ်၊ နိဗ္ဗာန်မြင်တယ်ဆိုတာက ချမ်းသာတာ ကိုယ်တွေ့ ဖြစ်ရတယ်။

နိဗ္ဗာန်မြင်တာက. . . (ချမ်းသာတာ ကိုယ်တွေ့ဖြစ်ရပါတယ်ဘုရား)၊ ချမ်းသာတာ ကိုယ်တွေ့ဖြစ်ရပါတယ်၊ သံသရာ ပြတ်တယ်ဆိုတာက ဆင်းရဲတာဟူသရွေ့ ကိုယ်နဲ့ အိုးစားကွဲပါတယ်၊ သဘောပါပလား. . . (ပါ-ပါတယ်ဘုရား)။

ဩော်. . . သိပ်နေရာကျပါလား ဦးခင်မောင်ရ၊ ဝိပဿနာဉာဏ်၏ တန်ဖိုးဟာ ခါတိုင်း ဒီလောက်ပေါ်အောင် မပြောဘူး။

အခုပေါ်အောင် ပြောလိုက်တဲ့အခါကျတော့ ဦးဘအုန်းရေ သိပ်ရှင်းသွားတယ်. . . (ရှင်းပါတယ်ဘုရား)။

## အကျိုးရှိပုံပြောစမ်းပါ

ဒါဖြင့် ဝိပဿနာဉာဏ်သည် ဘာတွေစွန့်. . . (ခန္ဓာလည်း စွန့်, တဏှာလည်းစွန့်ပါတယ်ဘုရား)၊ ဒါက သူစွန့်ပုံပြတာနော်၊ အကျိုးရှိပုံ ပြောစမ်းပါဆိုတော့ ဝိပဿနာဉာဏ်သည် ခဏနိဗ္ဗာန်ကိုလည်းမြင်တယ်၊ သံသရာလည်း. . . (ဖြတ်ပါတယ်ဘုရား)။

သံသရာလည်းဖြတ်တယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)၊ ခဏနိဗ္ဗာန်လည်းမြင်တယ်. . . (မြင်ပါတယ်)၊ သံသရာလည်းဖြတ်တယ်၊ ဒီဘက်သံသရာ လာသေးရဲ့လား. . . (မလာပါဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့၊ ဝိပဿနာမဂ်အကျိုးဟာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တိုင်အောင်ရောက်နိုင်ပါတယ်လို့ အဂ္ဂုတ္တိုရ်အဋ္ဌကထာဆရာက နေ့တိုင်းပြောနေတယ်ဆိုတာကလည်း အခုတာဝန်ခံရတော့မှာပါပဲ၊ သံသရာပြတ်တာကိုဗျာ့။

သံသရာလည်းပြတ်တယ်၊ နိဗ္ဗာန်လည်းမြင်နိုင်တဲ့ ခဏနိဗ္ဗာန်မြင်နိုင်ပါတယ်ဆိုသဖြင့် တယ်လည်း အဖိုးတန်ပါလားဆိုတာ ဒကာ ဒကာမတွေ ပေါ်လာတယ်နော်၊ ရှင်းပလား . . . (ရှင်းပါတယ်ဘုရား)၊ ဒါ ဘာဉာဏ်ပါလိမ့် . . . (ဝိပဿနာဉာဏ်ပါဘုရား)။

အဲ. . . ဝိပဿနာဉာဏ်ဆိုချင်ဆို၊ ဝိပဿနာသမ္မာဒိဋ္ဌိဆိုချင်ဆို၊ အကုန်အမှန်ချည်းပဲလို့ ဆုံးဖြတ်ချက်ချကြစမ်းပါ။

## မဂ်ဉာဏ်ကူးကြရအောင်

မဂ်ဉာဏ် ကူးကြရအောင်၊ ကဲ. . . ဒီဥစ္စာ ဝိပဿနာဟာ ဒကာ ဒကာမတို့၊ ရှုလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် မရှိခန္ဓာတို့၏ မရှိတာကော သူမသိဘူးလား. . . (သိပါတယ်ဘုရား)၊ ခန္ဓာကိုယ်၏ မရှိတာ သူသိသည်ဖြစ်လေသောကြောင့် ခန္ဓာကိုယ်လည်း သူစွန့်ပါတယ်။

ခန္ဓာမရှိတာ နိဗ္ဗာန်လို့လည်း ဘုရားဟောသည်ဖြစ်လေသောကြောင့် ခဏနိဗ္ဗာန်လည်း သူမြင်တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ ခန္ဓာလည်း စွန့်ပါ တယ်၊ ကိလေသာကော. . . (စွန့်ပါတယ်ဘုရား)၊ နောက်ကိလေသာကော လာခွင့်ရသေးလား. . . (မရပါဘုရား)။

တဏှာ ဥပါဒါန် ကံတွေလေ . . . (မလာပါဘူးဘုရား) မလာတော့ဘူး၊ ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာဉာဏ်သည် ခန္ဓာစွန့်, တဏှာစွန့်။

စွန့်နိုင်တာ နှစ်မျိုးစွန့်ချလိုက်တယ်၊ ကောင်းပြီ ဒါဖြင့် အကျိုးပြောစမ်းပါဆိုတော့ ခဏနိဗ္ဗာန်လည်းမြင်, သံသရာလည်းပြတ်တယ်။

ခဏနိဗ္ဗာန်လည်း. . . (မြင်ပါတယ်ဘုရား)၊ သံသရာလည်း. . . (ပြတ်ပါတယ်ဘုရား)၊ သံသရာလည်း ပြတ်တယ်ဆိုတော့ ခင်ဗျားတို့ လုပ်သင့်, လုပ်ထိုက်, လုပ်ကောင်းတယ်၊ ဒို့ဟာ မသိလို့ မလုပ်ဘဲနေတာပဲ၊ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

သံသရာကြီးဟာ ရှည်လိုက်တာ ကျုပ်ဖြင့် လန့်များလန့်ပါရဲ့၊ တရားတွေ ဘာတွေဟောတော့ ဘယ့်နှယ်တုံး၊ ဘုရားတောင် အစမမြင်ဘူး ဟောထားတာပဲ။

ကြောက်တော့ မကြောက်ဘူးလား. . . (ကြောက်ပါတယ်ဘုရား)၊ ဝိပဿနာကျတော့မလုပ်ဘူး၊ မလုပ်လို့ရှိရင်တော့ သံသရာပြတ်ပါ့မလား. . . (မပြတ်ပါဘုရား)။

သံသရာ ပြတ်ချင်လို့ ပြတ်ရတာလား၊ ခဏနိဗ္ဗာန်မြင် ခဏပြတ်တာပဲ၊ အမြဲနိဗ္ဗာန်မြင် အမြဲပြတ်တာပဲ၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိ ဒကာ ဒကာမတို့ ကောင်းကောင်းကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

## ၄။ မဂ်သမ္မာဒိဋ္ဌိ

ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိပြီးတော့ ၄ နံပါတ်က ဘာသမ္မာဒိဋ္ဌိ. . . (မဂ်သမ္မာဒိဋ္ဌိပါဘုရား)၊ မဂ်သမ္မာဒိဋ္ဌိတဲ့၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိ ပြောရတော့မယ်၊ ဒကာ ဒကာမတို့။

၄-နံပါတ် ရောက်လာပြီ၊ ဝိပဿနာရှုလို့ ခုနက ခန္ဓာစွန့်၊ တဏှာစွန့်တာတွေများပြီ၊ များပြီနော်၊ ဝိပဿနာဉာဏ်အသား တွေတက်လာပြီ၊ ဉာဏ်တွေ ရင့်ရင့်ပြီး သကာလ **ဥဒယဗ္ဗယ, ဘင်္ဂဘယ, အာဒီနဝ, နိဗ္ဗိန္ဒ**တွေ အစရှိသည်နဲ့ သူ့ဟာသူ တက် လာပြီဆိုကြပါစို့။

တက်လာတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ မဂ်ဉာဏ်ဖြစ်ဖို့ရာ အကြောင်းဟာ နီးကပ်မလာဘူးလား . . . (လာပါတယ်ဘုရား)၊ နီးကပ်ပြီးသကာလ လာတော့လည်း ဘုန်းကြီးက နီးကပ်ပေး လို့လည်းမရဘူး၊ ဘုရားက နီးကပ်ပေးလို့ကော. . . (မရပါ ဘုရား)။

ခင်ဗျားတို့ဘာသာ ရှုရင်းရှုရင်းနဲ့ ဉာဏ်တက်လာမှာပဲ . . . (မှန်လှပါ)၊ ရှုရင်းရှုရင်းနဲ့. . . (ဉာဏ်တက်လာမှာပါ ဘုရား)၊ ပိုမိုပြီး ဉာဏ်တက်လာရမှာပဲလို့ ဒကာ ဒကာမတွေ မှတ်ပါ။

ဘယ်သူက ဘယ်ဉာဏ်ရောက်ပြီ၊ တွေးဆပြောတာမှန် တာ မဟုတ်ဘူး၊ ဒီဥစ္စာ. . . (မှန်ပါ့ဘုရား)၊ စာမှာရှိတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အဲဒါ မှန်တယ်လို့များ၊ သွားမယူနဲ့၊ ဆရာက မင်းဉာဏ် ရပြီ, မင်းက မဂ်ဉာဏ်ရပြီ, မင်းကဖိုလ်ဉာဏ်ရောက်နေပြီ, မင်းကသင်္ခါရုပေက္ခာဉာဏ်ရောက်နေပြီ။

## ပုထုဇဉ်ကမှန်းပြောတာ

မဟုတ်ဘူး သူပြောတာမဟုတ်ဘူး၊ ကိုယ့်ဉာဏ်ကိုယ်မှသိနိုင်တယ်၊ ဟိုက အရိယာဖြင့် သိမှာပေါ့၊ ဟိုက အရိယာမဟုတ်ဘဲနဲ့ ပုထုဇဉ်ကသာဆို မှန်းပြောတာသာ မှတ်ပေတော့။

မှန်းပြောတာ၊ မှန်းပြောတာနော်၊ ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ မဂ်ဉာဏ်ပြောကြပါစို့ စာလာတဲ့အတိုင်းနော်၊ မဂ်ဉာဏ်ကတော့ ဒကာ ဒကာမတို့ ဖျတ်ဆို ဝိပဿနာဉာဏ်တွေနဲ့ ရှုပြီးသကာလ ခန္ဓာအစဉ်ကြီးက အလျင်တော့ဖြင့် ပျောက်လိုက် ရှုလိုက်-ရှုလိုက်လို့ ပျောက်သွားလိုက် ခန္ဓာဆုံးသွားလိုက် နောက်တစ်ခါ ခန္ဓာတစ်ခု ပေါ်လာပြန် ဝိပဿနာဉာဏ်ကတော့ ခန္ဓာတို့၏ အဆုံးကိုမြင်မနေဘူးလား. . . (မြင်ပါတယ်ဘုရား)။

မဂ်ဉာဏ်ပေါ်တော့မယ်ဆိုတော့ ဒီလိုမဟုတ်ဘူးတဲ့ ဒကာ ဒကာမတွေရေ မဂ်ဉာဏ်ပေါ်တော့မယ်ဆိုတော့ တစ်ခါတည်း ဒီနေရာမှာ ကိုယ်ကြည့်နေတဲ့ ဉာဏ်အောက်မှာပဲ ခန္ဓာကိုမလာတော့ဘူး။

သဘောကျပလား . . . (ကျပါတယ်ဘုရား)၊ မဂ်ဉာဏ်လာတော့မယ်ဆိုတော့. . . (ခန္ဓာကို မလာတော့ပါဘုရား)။

ခန္ဓာကို မလာတော့ပါဘူး. . . (မှန်ပါ့ဘုရား)၊ ကြားတဲ့ခန္ဓာငါးပါးလာသေးလား. . . (မလာပါဘုရား)၊ နံတဲ့ခန္ဓာ

ငါးပါးကော. . . (မလာပါဘုရား)၊ စားတဲ့ ခန္ဓာငါးပါးကော လာသေးလား. . . (မလာပါဘုရား)။

## ခန္ဓာဒုက္ခသိမ်းတာချည့်ပဲတွေ့နေတယ်

ကြံတဲ့ခန္ဓာငါးပါးကော လာသေးရဲ့လား . . . (မလာပါဘုရား)၊ ဒါဖြင့် မဂ်ဉာဏ်ကတော့ကို ဒကာ ဒကာမတို့ ခန္ဓာမလာသောကြောင့်လည်း ခန္ဓာသူစွန့်တယ်။

ခန္ဓာအမြဲမလာသောကြောင့်လည်း သူ့ဉာဏ်အောက်မှာ ဘာရှိနေသတုံးဆို၊ ခန္ဓာဒုက္ခ သိမ်းတာချည်းပဲ တွေ့နေတယ်၊ ဘာတွေ့ပါလိမ့်. . . (ခန္ဓာဒုက္ခသိမ်းတာပဲတွေ့နေပါတယ်ဘုရား)။

ခန္ဓာဒုက္ခမရှိတာဘဲ တွေ့နေတယ်၊ ဒါဖြင့် ခန္ဓာဒုက္ခ မရှိတာလည်း နိဗ္ဗာန်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## မဂ်ဉာဏ်ကတော့သုံးချက်

ဒါဖြင့် မဂ်ဉာဏ်သည် ဒကာ ဒကာမတို့ သူရင့်ကျက်လာတဲ့အခါ ဝိပဿနာရင့်ကျက်လို့ မဂ်ဉာဏ်ကူးတော့မယ်ဆိုတော့ မဂ်ဉာဏ်ကတော့ဖြင့် ခန္ဓာမရှိတာ၊ ခန္ဓာကိုယ်လည်းစွန့်၊ ခန္ဓာမရှိတဲ့နိဗ္ဗာန်ကိုလည်း သူမြင်တယ်၊ နောက်က ကိလေသာလည်း သူသတ်ပစ်တယ်။

သူက သုံးချက်၊ မဂ်ဉာဏ်က သုံးချက်နော်၊ ခန္ဓာမရှိတာကိုလည်း . . . (မြင်ပါတယ်ဘုရား)၊ ခန္ဓာလည်းစွန့်လိုက်တယ်၊ ခန္ဓာလည်းစွန့်၊ နိဗ္ဗာန်လည်းမြင်၊ ကိလေသာလည်းချုပ်စေတယ် . . . (မှန်ပါ့ဘုရား)။

မဂ်ဉာဏ်က သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ မဂ်ဉာဏ်က ဘာတဲ့. . . (ခန္ဓာမရှိတာသိ၊ ခန္ဓာစွန့်၊ နိဗ္ဗာန်မြင်၊ ကိလေသာစွန့်ပါတယ်ဘုရား)။

ခန္ဓာစွန့်၊ နိဗ္ဗာန်မြင်၊ ကိလေသာလည်းစွန့်ပေါ့ဗျာ၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ သူက သုံးချက် . . . (မှန်ပါ့ဘုရား)၊ ဝိပဿနာဉာဏ်ထက် ထူးခြား-မထူးခြား . . . (ထူးခြားပါတယ်ဘုရား)။

## ကိလေသာစွန့်၊ ခန္ဓာစွန့်၊ နိဗ္ဗာန်မြင်

ဒါမဂ်ဉာဏ်၊ မဂ္ဂင်ရှစ်ပါးဆိုတဲ့ မဂ်ဉာဏ်သည် ဒကာဒကာမတို့၊ ခန္ဓာလည်းစွန့်၊ နိဗ္ဗာန်လည်းမြင်၊ ကိလေသာလည်းစွန့်၊ သူက သုံးချက်. . . (မှန်ပါ့ဘုရား)။

မဂ်ဉာဏ်ကတော့ ဘာတဲ့ ဒကာ ဒကာမတို့. . . (ခန္ဓာစွန့်၊ နိဗ္ဗာန်မြင်-ကိလေသာစွန့်ပါတယ်ဘုရား)၊ အဲ. . . သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နေရာကျပြီ၊ မဂ်ဉာဏ် ပေါ်တဲ့ အခါ သူများမေးမနေနဲ့တော့. . . (မှန်ပါ့ဘုရား)၊ ခန္ဓာလည်း ရှာမတွေ့ဘူး၊ သဘောကျပလား၊ ကိုယ့်သန္တာန်မှာ အလုပ်လုပ် လို့ ခရီးပေါက်တဲ့အခါ ဘယ်သူမှ မေးမနေနဲ့၊ ခန္ဓာလည်း ရှာမတွေ့ရဘူး . . . (မှန်ပါ့ဘုရား)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

အင်း. . . ခန္ဓာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်လည်း ကိုယ်တိုင်မြင် ရ၊ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)၊ ထကြွသောင်း ကျန်းနေတဲ့ ကိလေသာတွေလည်း မလာဘူး၊ သူနဲ့ဆိုင်ရာ ဒိဋ္ဌိ- ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသတို့လည်း မလာဘူး၊ လာပါ့မလား (မလာပါဘုရား)၊ ဒါဖြင့် မဂ်ဉာဏ်က ခန္ဓာစွန့်၊ တဏှာစွန့်၊ နိဗ္ဗာန်မြင်၊ သူက ဘယ်နှစ်မျိုးပါလိမ့်. . . (သုံးမျိုးပါဘုရား)။

မဂ်ဉာဏ်ကဘာတဲ့ ဒကာ ဒကာမတို့. . . (ခန္ဓာစွန့်၊ တဏှာစွန့်၊ နိဗ္ဗာန်မြင်ပါတယ်ဘုရား)၊ ဩော်. . . ဒါဖြင့် နိဗ္ဗာန် ဒို့ ငါမင်ရလေသလား၊ မရလေသလား၊ ကိုယ့်ခန္ဓာကိုယ် ပြန်ကြည့် လိုက်တဲ့အခါမှာ ဘာမှမတွေ့ဘူး။

ဘာမှ မတွေ့တဲ့အခါကျတော့ ဦးခင်မောင် ခန္ဓာလည်း စွန့်ပြီ၊ ဒါနိဗ္ဗာန်ပဲဆိုတော့၊ ဒါနိဗ္ဗာန်ပဲလို့ သိနေတဲ့ အခိုက်အတန့်မှာ မဂ်ဉာဏ်နဲ့ သိနေလိုက်တဲ့အခါကျတော့၊ ဩော်. . . ကိလေသာတွေကလည်း သေနေတာအမှန် . . . (မှန်ပါတယ်ဘုရား)။

## ဝိပဿနာဉာဏ်နဲ့ဘာထူးသတုံး

မသေဘူးလား. . . (သေနေပါတယ်ဘုရား)၊ ဒါဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာလည်း သေနေပြီ . . . (မှန်ပါ့ဘုရား)၊ မဂ်ဉာဏ်သည် သူပေါ်တဲ့အချိန် ဒကာ ဒကာမတွေ အကဲခတ်ဖို့ရာက ခန္ဓာမရှိတာလည်း သူပေါ်လို့၊ နိဗ္ဗာန်မြင်တာလည်း . . . (သူပေါ်လို့ပါဘုရား)၊ နောက်က ကိလေသာ ထကြွသောင်းကျန်းမှု မလာတာလည်း. . . (သူပေါ်လို့ပါဘုရား)။

ဩော်. . . မဂ်ဉာဏ်ပေါ်ရင်ဖြင့် ဒကာ ဒကာမတို့၊ ခန္ဓာမရှိတဲ့ နိဗ္ဗာန်ကို မြင်လိမ့်မယ်ဆိုတဲ့ဥစ္စာ ဒီမှာ သေချာသွားတယ်၊ ပဋိနိဿဂ္ဂါနုပဿီ ဝိဟရတိ-ဆိုတဲ့ ဒီပါဠိတော် သဘောကျပလား။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့၊ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ် ဘာထူးသတုံးလို့ လူကြီးပိုင်းက မေးလို့ရှိရင် ဩော်- ဝိပဿနာဉာဏ်ကတော့ ခန္ဓာစွန့်၊ တဏှာစွန့်၊ နိဗ္ဗာန် ကောင်းကောင်းမမြင်၊ မဂ်ဉာဏ်ကတော့. . . (ခန္ဓာစွန့်၊ တဏှာစွန့်၊ နိဗ္ဗာန်ကောင်းကောင်းမြင်ပါတယ်ဘုရား)။

## မဂ်ဉာဏ်က အလုပ်သုံးခုလုပ်တယ်

ဩော်. . . ဝိပဿနာဉာဏ်က နှစ်ခုသာ ကောင်းကောင်း အလုပ်လုပ်တယ်၊ မဂ်ဉာဏ်က သုံးခုအလုပ်လုပ်တယ်၊

ရှင်းပလား. . . (ရှင်းပါတယ်ဘုရား)၊ ဝိပဿနာဉာဏ်က နှစ်ခုသာလုပ်တယ်၊ ခန္ဓာစွန့်၊ တဏှာစွန့်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

မဂ်ဉာဏ်ပေါ်တဲ့အချိန်ကျတော့. . . (ခန္ဓာစွန့်၊ တဏှာစွန့်၊ နိဗ္ဗာန်လည်းမြင်ပါတယ်ဘုရား)၊ ခန္ဓာလည်းစွန့်၊ တဏှာလည်းစွန့်၊ နိဗ္ဗာန်လည်းမြင်တယ်ဆိုတော့ ခင်ဗျားတို့ ဝိပဿနာရှုလို့၊ တစ်ခါတည်း ဖြစ်ပျက်တွေသာရှုလို့။

နေ့တိုင်း ရှု၊ ရှုနေတော့၊ ကြာတော့ ခန္ဓာ ပျောက်ထွက်သွားတယ်၊ ခန္ဓာပျောက်ထွက်သွားတယ်၊ ခန္ဓာပျောက်ထွက်သွားတော့ ဘာပါလိမ့်မတုံးလို့ မေးမနေနဲ့တော့ ဒါမဂ်ဉာဏ်ပေါ်လာတာ။

## ဒုက္ခချုပ်တာပါပဲလို့သိတာ

ခန္ဓာစွန့်လိုက်ပြီးတဲ့နောက်က တဏှာလည်း စွန့်ပြီးပြီ ခန္ဓာစွန့်လိုက်ပြီတဲ့၊ တဏှာလည်း စွန့်ပြီးပြီတဲ့. . . (မှန်ပါ့)။

အင်း. . . ဘာမှမတွေ့တော့ပါလား၊ အို-ဘာမှမတွေ့တာ မဟုတ်ဘူး၊ ဒီနေရာမှာ ဒုက္ခ ချုပ်တာ ဒါပဲလို့ သိတာ၊ ဘာမှ မတွေ့တာ မဟုတ်ပါဘူး. . . (မှန်ပါ့)၊ သဘောကျရဲ့လား၊ ဘာပါလိမ့်. . . (ဒုက္ခချုပ်တာပါဘုရား)။

ဒုက္ခချုပ်တာ ဒါပဲလို့သိ၊ ရှင်းပလား၊ ဒုက္ခချုပ်တာ ဒါပဲဆိုတော့ နိဗ္ဗာန်ကို သူတွေ့တာ၊ ရှင်းပလား . . . (ရှင်းပါတယ်ဘုရား)၊ ဘာတွေ့တာတုံး. . . (နိဗ္ဗာန်တွေ့တာပါဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်က နှစ်ပါးသာ အလုပ်လုပ်နိုင်တယ်၊ မဂ္ဂသမ္မာဒိဋ္ဌိက သုံးကိစ္စထိအောင် အလုပ်လုပ်နိုင်တယ်၊ အင်း-ဝိပဿနာသမ္မာဒိဋ္ဌိက နှစ်ကိစ္စသာ လုပ်နိုင်တယ်။

မဂ်သမ္မာဒိဋ္ဌိက. . . (သုံးကိစ္စ အလုပ်လုပ်ပါတယ်ဘုရား)။ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)၊ ဩော်. . . ဒါဖြင့် တော်တော်အရေးကြီးပါလား၊ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့, ဝိပဿနာမဂ်နဲ့, လောကုတ္တရာ မဂ်သည် အတော်ခြားနားပါလား. . . (ခြားနားပါတယ်ဘုရား)၊ မခြားနားဘူးလား. . . (ခြားနားပါတယ်ဘုရား)။

အဲဒီတော့ကို ကိုယ့်ဝိပဿနာဉာဏ် လုပ်နေတဲ့ ပုဂ္ဂိုလ်လည်း ဝိပဿနာဉာဏ် လုပ်နေသေးတယ်ဆိုတာကိုလည်း အခုဘယ်သူ့မှ မေးမနေနဲ့၊ ဒီအတိုင်းနေတာပဲ။

ဖြစ်ပျက်မြင်ပြီးသကာလ ကိလေသာ စွန့်နေမှာပဲ၊ မဂ်သမ္မာဒိဋ္ဌိမဂ်ဉာဏ် ရောက်တော့မယ်ဆိုတော့ ဖြစ်ပျက်လည်း မမြင်ဘူး။

ကိလေသာလည်း စွန့်ပြီးသကာလ ခန္ဓာမရှိတာကို သူမြင် နေမှာပဲ၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ် ဘယ်နှစ်ကိစ္စ အလုပ်လုပ်တယ် . . . (၂-ကိစ္စလုပ်ပါတယ်ဘုရား)၊ မဂ်ဉာဏ်က. . . (၃-ကိစ္စ လုပ်ပါတယ်ဘုရား)၊ ဒါ ဘယ်တော့မှ မမေ့နဲ့၊ ဆရာရှာမနေနဲ့တော့။

ဒါ ဒီဥစ္စာ သေသေချာချာ ဘုရားဟောထားပြီး၊ သေသေချာချာ ဟောထားပြီးတဲ့ ဒကာ ဒကာမတို့၊ ဒါ ဦးဝ လုပ်တတ်ပလား၊ ဦးဘအုန်း လုပ်တတ်ပလား၊ သူ့ဝိပဿနာ ဉာဏ်နဲ့ မဂ်ဉာဏ်နဲ့ခွဲတောင် ပြနေလိုက်တော့မှပဲ ရှိတာက လည်း ခင်ဗျားတို့ ဘာမှမရှိဘူး။

## ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ပဲရှိတယ်

ဝိပဿနာလုပ်မယ့်ပုဂ္ဂိုလ်မှာ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ပဲရှိတယ်၊ ဒီပြင်ဟာတွေကတော့ကို ကြားတည်းက ဉာဏ်တွေကတော့ ထင်တာ,မြင်တာ,မှတ်တမ်း ထိုးထားတာပဲ ရှိတာပဲ၊ စင်စစ်တော့ ဒီပြင်ဉာဏ်တွေဟာ ဝိပဿနာချည်းပဲ၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အပျက်ကလေးမြင်တော့ ဘင်ဉာဏ်လို့ လုပ်တာပဲ၊ ပေါင်းခေါ်တော့ ဝိပဿနာဉာဏ်ဆိုရမှာပဲ၊ သင်္ခါရုပေက္ခာဉာဏ် ဆိုတော့ လျစ်လျူရှုတာ အပျက်လျစ်ရှုတာပဲ ခေါ်တော့ ဘယ်ဉာဏ်ထဲသွင်း၊ ဝိပဿနာဉာဏ်ထဲ သွင်းရမှာပဲ၊ ဒါကြောင့်

ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ် ဒါပဲဟောတော့တယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာဉာဏ်က စလုပ်လို့ ရှိရင် မဂ်ဉာဏ် မရောက်ဘဲရှိပါ့မလား. . . (မရှိပါဘုရား)။

ဘာပြုလို့တုံးဆိုတော့ နှစ်ခုနဲ့ သုံးခုပဲကွာတဲ့ကိစ္စ၊ ဝိပဿနာဉာဏ်က ၂-ကိစ္စ အလုပ်လုပ်တယ်၊ မဂ်ဉာဏ်က. . . (၃-ကိစ္စ အလုပ်လုပ်ပါတယ်ဘုရား)။

အဲဒီတော့ ၂-နဲ့ ၃ကူးဖို့ရာကျတော့ကို ကိုမြရွှေတို့ အလွယ်ပဲဗျာ့. . . (မှန်ပါ့)၊ လုံ့ဝမလုပ်တဲ့အတွက်တော့ ရောက် လိမ့်မယ်လို့ ခင်ဗျားတို့အယူမရှိနဲ့နော်၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ကောင်းပြီ အင်မတန်အဖိုးတန်သွားပြီ။

ဒါဖြင့် ဒကာ ဒကာမတို့ သမ္မာဒိဋ္ဌိ ဘယ်နှစ်မျိုးရှိသွားပြီ ဆိုတာ ဦးဘတင် မှတ်တမ်းတင်ပြီးပလား၊ ဘယ်နှစ်မျိုးရှိသွား . . . (၄-မျိုးရှိသွားပါပြီဘုရား)။

၄-မျိုးပြီးသွားပြီ၊ ဒကာ ဒကာမတို့ ၄-မျိုးပြီးသွားပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ဖိုလ်သမ္မာဒိဋ္ဌိ သွားကြပါစို့၊ ဖိုလ်သမ္မာ ဒိဋ္ဌိဆိုတာ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

## ၅။ ဖိုလ်သမ္မာဒိဋ္ဌိ

ကဲ. . . ဖိုလ်သမ္မာဒိဋ္ဌိကို လက်ကိုင်ထားကြပါစို့၊ ဝိပဿနာ သမ္မာဒိဋ္ဌိကလည်း ပြီးသွားပြီ၊ မဂ်သမ္မာဒိဋ္ဌိကလည်း. . . (ပြီးပါပြီဘုရား) ဖိုလ်သမ္မာဒိဋ္ဌိပဲ ကျန်တော့တယ်. . . (မှန်ပါ့)။

ဖိုလ်သမ္မာဒိဋ္ဌိပဲ ကျန်တော့တယ်ဆိုတော့၊ ဖိုလ်သည်ကား လို့ဆိုလို့ရှိရင်၊ ဒကာ ဒကာမတို့-မဂ်နောက်က ကပ်ပြီး လိုက်တဲ့ ဖိုလ်ရှိတယ်၊ ဖိုလ်က နှစ်မျိုး။

## ဖိုလ်က နှစ်မျိုး

၁။ မဂ်ဉာဏ်နောက်က ကပ်လိုက်တဲ့ ဖိုလ်ကတစ်မျိုး၊

၂။ ဝိပဿနာ ဉာဏ်နောက်က ကပ်လိုက်တဲ့ ဖိုလ်က တစ်မျိုး။

ဖိုလ်ဘယ်နှစ်မျိုး ရှိပါလိမ့်. . . (နှစ်မျိုးရှိပါတယ်ဘုရား) ဒါ သေသေချာချာ မှတ်ထားမှ၊ ဖိုလ်ဆိုရင် တစ်မျိုးတည်းလို့ မှတ်နေအုံးမယ်။

မဂ်ဉာဏ် နောက်က လိုက်လာတဲ့ ဖိုလ်က တစ်မျိုး၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဝိပဿနာဉာဏ်နောက်က လိုက်လာတဲ့ဖိုလ်က တစ်မျိုး၊ ဖိုလ်ဘယ်နှစ်မျိုးပါလိမ့်. . . (နှစ်မျိုးပါဘုရား)။

## မဂ်ဉာဏ်ရရင်ဖိုလ်ဉာဏ်ကအလိုလိုလိုက်တာ

ဒါ သေသေချာချာမှတ်ပါအုံး၊ ဖိုလ်ဉာဏ်ကိုက နှစ်မျိုးရှိနေတယ်ဆိုတာ မှတ်ထားရမယ်၊ ဒါကတော့ ဘုန်းကြီးက ဟောချင်လို့ ဟောရတာမဟုတ်ပါဘူး ဒကာ ဒကာမတို့ ခင်ဗျားတို့ မဂ်ဉာဏ်ရရင် ဖိုလ်ဟာ အလိုလိုလိုက်တာပါပဲ။

အကာလိကော ဆိုတာ၊ အကာလိကော-အခါမလင့် အကျိုးပေး၏ဆိုတော့၊ မဂ်ဉာဏ်သာ ရလို့ရှိရင်၊ ဖိုလ်ရရပါလို၏ လို့ ဆုမတောင်းနဲ့ သူ့ဟာသူ လာတာပဲ၊ ဓမ္မနိယာမလို့ မှတ်ထားပေါ့။

ဓမ္မနိယာမဆိုတာ ဒကာ ဒကာမတို့ မဂ်ဉာဏ်တည်းဟူသောအကြောင်း အားထုတ်ထားလို့ ရှိရင်ဖြင့် ဖိုလ်ဉာဏ်တည်းဟူသော အကျိုးကတော့ မလာပါနဲ့ ဆိုလို့. . . (မရပါဘူးဘုရား)။

လာရမှာပါပဲ၊ သဘောကျပလား. . . (ကျပါတယ်ဘုရား) တားလို့ဆီးလို့ ဘုရားလာတားတာတောင်မရဘူး။ မာရ်နတ်ကြီးလာတားကော. . . (မရပါဘုရား)၊ မရပါဘူးတဲ့။

ဘယ်နှယ့် ဒကာ ဒကာမတို့ မဂ်က အနန္တရပစ္စည်း ဖိုလ်က အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ဆိုတာ သေချာနေတာ. . . (မှန်ပါ့ဘုရား)။

## ကံနဲ့ အကျိုးပေးပဲ

ကံနဲ့ အကျိုးပေးပဲ ဒကာ ဒကာမတို့ မဂ်က စေတနာကံလေဗျာ၊ ဖိုလ်က အကျိုးပေးဆိုတော့ ကပ်နေတာပဲ၊ မဂ်ပြီးဖိုလ်ပဲ၊ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဖိုလ်ဉာဏ်သည် ဒကာ ဒကာမတို့၊ ဘယ်နှစ်မျိုးရှိပါလိမ့်. . . (နှစ်မျိုးပါဘုရား)၊ မဂ်နောက်က ကပ်ပြီးလိုက်တဲ့ဖိုလ်ဉာဏ်ကတစ်မျိုး - ဝိပဿနာဉာဏ်နောက်ကလိုက်တဲ့ ဖိုလ်ဉာဏ်ကတစ်မျိုး. . . (မှန်ပါ့ဘုရား)။

သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ ဖိုလ်ဉာဏ်ဘယ်နှစ်မျိုးပါလိမ့်. . . (နှစ်မျိုးပါဘုရား)၊ တစ်နည်းက ဘာပါလိမ့် (မဂ်ဉာဏ်နောက်ကလိုက်တဲ့ ဖိုလ်ပါဘုရား)။

တစ်နည်းက. . . (ဝိပဿနာဉာဏ် နောက်ကလိုက်တဲ့ ဖိုလ်ဉာဏ်တစ်မျိုးဘုရား)၊ ဝိပဿနာဉာဏ်နောက်ကလိုက်တဲ့ ဖိုလ်ဉာဏ်တစ်မျိုး. . . (မှန်ပါ့ဘုရား)။

## ဗဟုသုတအတွက်သာ ဟောတာ

သေသေချာချာမှတ်ပါ။ ဒါက ဗဟုသုတအတွက်နော် . . . စင်စစ် ခင်ဗျားတို့ ကျင့်တဲ့အခါကျတော့ သူ့ အထူးရဖို့ အားထုတ်ရတာ မဟုတ်သောကြောင့် ဗဟုသုတအတွက်သာ ဟောတာလို့ မှတ်လိုက်စမ်းပါ။

ဦးဘအုန်း ဘယ်အကျိုးငှာ ဟောတာတုံး. . . (ဗဟုသုတ အကျိုးငှာ ဟောပါတယ်ဘုရား)၊ ဗဟုသုတဆိုတာ ဘုန်းကြီးဗဟုသုတပဲ ပေးမှာပဲတဲ့၊ ခင်ဗျားတို့ ဒါအားထုတ်ရတဲ့ တရားမဟုတ်ဘူး။

ဓမ္မနိယာမချည်း လာနေတဲ့ဥစ္စာပဲ ဘာမှ ဟောစရာမလိုပါဘူး၊ သို့သော်လည်း ဖိုလ်ဉာဏ်ကို ခင်ဗျားတို့သိစေချင်လို့ ရှိရင်၊ သိစေချင်တဲ့ သဘောလေးရှိလို့ ဘုန်းကြီးက ပြောပါတယ်၊ ကိုင်း. . . ဒကာဒကာမတို့၊ မဂ်ဉာဏ်က တစ်နေ့က ပြောတယ်၊ ဒါမဂ်ဉာဏ်၊ ဒါကတော့ နိဗ္ဗာန်ထားပါတော့ မဂ် ဉာဏ်သည် ဒကာ ဒကာမတို့၊ ဘယ်နှစ်ကိစ္စ အလုပ်လုပ်သတဲ့တုံး. . . (သုံးကိစ္စလုပ်ပါတယ်ဘုရား)။

ဘာပါလိမ့်. . . (ခန္ဓာလည်းစွန့်၊ တဏှာလည်းစွန့်၊ နိဗ္ဗာန်လည်း မြင်ပါတယ်ဘုရား)၊ အေး. . . ခန္ဓာလည်းစွန့်၊ တဏှာလည်းစွန့်၊ နိဗ္ဗာန်လည်း မြင်တယ်။

ကောင်းပြီ ဒါဖြင့် နိဗ္ဗာန်ဆိုတာမျိုးဟာ ဒကာဒကာမတို့ အမြဲတမ်း ခင်ဗျားတို့ ရှိနေတာပဲလို့မှတ်ရမယ်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## နိဗ္ဗာန်သည် အားထုတ်တဲ့ ပုဂ္ဂိုလ်အတွက်အမြဲတမ်းရှိ

အမြဲတမ်းရှိနေတယ်ဆိုတော့ လူတိုင်း တွေ့သလား လို့တော့ မေးဖို့လိုတယ်၊ အမြဲတမ်းရှိတဲ့ပစ္စည်းဖြင့် ဘုရား လူတိုင်းတွေ့ဖို့ပါပဲ၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

မဟုတ်ပါဘူးတဲ့၊ ရှိတာတော့ ရှိတယ်တဲ့၊ အမြဲတမ်း တော့ ရှိပါတယ်ဆိုတော့ ဒကာဒကာမတို့၊ ဒီနိဗ္ဗာန်ဟာ အားထုတ်တဲ့ပုဂ္ဂိုလ် လူတိုင်းမှာတော့၊ အားထုတ်လို့ ရောက်မယ့် ပုဂ္ဂိုလ်၊ လူတိုင်းမှာတော့ အမြဲတမ်းသူရှိနေတာပဲ။

အားမထုတ်တဲ့ ပုဂ္ဂိုလ်တွေ အတွက်မှာတော့ သူကရှိကို မရှိဘူး သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အဲဒီတော့ အားမထုတ်တဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့်. . . (မရှိပါဘူးဘုရား) မရှိဘူး၊ အားထုတ်တဲ့ ပုဂ္ဂိုလ်အတွက်မှာတော့ဖြင့် . . . (ရှိပါတယ်ဘုရား)၊ ရှိတယ်လို့ သေသေချာချာမှတ်ထားပါ . . . (မှန်ပါ့ဘုရား)။

ဪ. . . ဒါဖြင့် အရှိကလည်း နှစ်မျိုးပါလား. . . (မှန်ပါ့ဘုရား) ထုတ်တဲ့ပုဂ္ဂိုလ်ဖြင့်ရှိတယ်. . . မထုတ်တဲ့ပုဂ္ဂိုလ်ဖြင့် . . . (မရှိပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါတယ်ဘုရား)။

ထုတ်တဲ့ပုဂ္ဂိုလ်. . . (ရှိပါတယ်ဘုရား) မထုတ်တဲ့ ပုဂ္ဂိုလ် . . . (မရှိပါဘုရား)၊ ထုတ်မထုတ်ဆိုတာ ဘာနဲ့ စစ်တမ်းထုတ်ကြ မယ်. . . (အားထုတ် မထုတ်နဲ့ စစ်တမ်းထုတ်ပါမယ်ဘုရား)။

## တရားအားထုတ်မှရမယ်

အားထုတ်တဲ့ပုဂ္ဂိုလ်မှာ ထိုက်တယ်၊ အားမထုတ်တဲ့ ပုဂ္ဂိုလ်မှာ အော်နေတဲ့၊ ဆုတောင်းနေတဲ့ ပုဂ္ဂိုလ်က မထိုက်ဘူး လို့မှတ်ထားကြစမ်းပါ၊ သဘောကြပါလား. . . (ပါ-ပါတယ် ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အားထုတ်မှ ရမယ့် အလုပ် ဆိုတာကိုလည်း ခင်ဗျားတို့ သမ္မပ္ပဓာန်လေးပါး ဘုရားဟောတာ ဖြစ်သဖြင့် ဦးဘအုန်းတို့ ရှင်းပါတယ်။

မဖြစ်သေးတာဖြစ်အောင်ဆိုတာ အားစိုက်ရမယ် မဟုတ်လား. . . (မှန်ပါ့ဘုရား) ဖြစ်ပြီးသားကိုလည်း ပွားနိုင် လောက်အောင်ဆိုတာကိုကော. . . (အားထုတ်ရမှာပါဘုရား)။

အင်း. . . ဒါဖြင့် သမ္မပ္ပဓာန်လေးပါးထဲက ဒကာဒကာမ တို့ သမ္မပ္ပဓာန်၊ ဗောဓိပက္ခိယ၊ တရားတွေထဲမှာ သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန်လေးပါး မပါဘဲနဲ့၊ ဗောဓိပက္ခိယတရား ဖြစ်ပါ့မလား. . . (မဖြစ်ပါဘူးဘုရား)။

မင်္ဂလာဏ်ရတဲ့ တရားဖြစ်နိုင်ပါ့မလား. . . (မဖြစ်နိုင်ပါ ဘုရား) အဲဒီထဲက ဆုတောင်းအလုပ်မဟုတ်ဘူး၊ ပွားများရမယ့် အလုပ်၊ ပွားများပြီးသကာလ အားထုတ်ယူရမယ့် အလုပ်ပါလား ဆိုတာ အတော်သေချာသွားတယ်။

ရှင်းပြီနော်. . . (ရှင်းပါတယ်ဘုရား)၊ ကောင်းပြီ နေရာကျပြီ ဒါဖြင့် မဂ်ဉာဏ်က သုံးပါးစွန့်တာတော့ သဘောကျပြီ နော်။

မဂ်ပြီးတော့ကို ဒကာ ဒကာမတို့ မဂ်စိတ်သည် ၁၊၂ ဆိုတော့ မဂ်စိတ်က ချုပ်သွားတယ်၊ ခုနက ကိလေသာစွန့် ခန္ဓာစွန့်၊ နိဗ္ဗာန်မြင်တဲ့တရားလေး စွန့်သွားတော့ကို မဂ်စိတ်က စွန့်လိုက်ပြီးသကာလ မဂ်စိတ်ချုပ်သွားတယ်။

## မဂ်နောက်က ဖိုလ်လိုက်လာတယ်

မဂ်စိတ်ကလည်း ဒကာ ဒကာမတို့၊ ဝိပဿနာရှုတဲ့ စိတ်လိုပေါ့၊ မဂ္ဂင်ငါးပါးကလည်း ဖျတ်ဆိုချုပ်တယ်၊ မဂ္ဂင်ရှစ်ပါးကကော. . . (ချုပ်ပါတယ်ဘုရား)။ ချုပ်တာပဲဆိုတော့ကို သူ့နေရာမှာ ဒကာ ဒကာမတို့၊ ဖိုလ်အင်္ဂါ ရှစ်ပါးဆိုတာ လာမှာပဲ။

မဂ္ဂင်ရှစ်ပါးဆို ဖိုလ် မဂ္ဂင်ရှစ်ပါးဆိုတာလာမှာပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ ဒါမဂ်ချုပ်သွားတော့ ဖိုလ်နဲ့မတွေ့ရပေဘူးလား. . . (တွေ့ရပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာဒကာမတို့ ဒီဖိုလ်သည် မဂ်နောက်ကလိုက်တဲ့ဖိုလ်ပဲ၊ မဂ်ပြီးတော့ကော ဖိုလ်လာတာပဲတဲ့၊ ဒီဖိုလ်က ဘယ်အကျိုးငှာ ပေါ်လာတာတုံးလို့ မေးဖို့ မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

အို. . . ဒကာ ဒကာမတို့ မင်္ဂလာလုပ်ကိစ္စကို သူပြန်လုပ်မှာပဲ မင်္ဂလာ ဘယ်နှစ်ကိစ္စလုပ်ခဲ့တုံး. . . (၃-ကိစ္စလုပ်ပါတယ်ဘုရား)၊ ဘယ်လိုလုပ်ပါလိမ့်. . . (ခန္ဓာလည်းစွန့်၊ တဏှာလည်းစွန့်၊ နိဗ္ဗာန်လည်း မြင်ပါတယ်ဘုရား)။

အဲ. . . ခန္ဓာလည်းစွန့်၊ တဏှာလည်းစွန့်၊ နိဗ္ဗာန်လည်းမြင်တယ်နော်၊ အို. . . တဏှာမှ မရှိဘဲနဲ့ ဖိုလ်က ဘာစွန့်မတုံးမေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

## ဖိုလ်ကအနုသတ်ရတယ်

အို. . . ဖိုလ်ကလည်း သူကဒကာ ဒကာမတို့ ဟိုကအကြမ်းသတ်ဆို၊ သူက အနုသတ်အဖြစ်နဲ့ ဦးဘအုန်းရဲ့သတ်ရသေးတယ်။

လောကီ ဥပမာပြောကြပါစို့ ဆိုတော့ ဒကာ ဒကာမတို့အင်မတန် မီးတွေရဲရဲကြီး ရှားမီးခဲကြီးကိုရေနဲ့ လောင်းလိုက်တဲ့အခါ မီးသွေးတုံးကြီးပေါ်လာတယ်၊ ဖျတ်ဆို ရေတစ်ခွက်နဲ့လောင်းလိုက်၊ အမဲကြီးတော့ပေါ်မလာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

## အရဲကြီးက အမဲကြီးဖြစ်သွားတယ်

အရဲကြီးက အမဲကြီး ဖြစ်မသွားဘူးလား. . . (ဖြစ်သွားပါတယ်ဘုရား)၊ ဖြစ်သွားတော့ မကိုင်နဲ့နော်. . . (မှန်ပါ့ဘုရား)၊

သွားကိုင်ရင်ပူလိမ့်မယ်၊ မပူပေဘူးလား. . . (ပူပါတယ်ဘုရား)။

ဘာတုံး အမဲတော့ဖြစ်သွားပြီ၊ အရဲတော့ပျောက်ပါတယ်၊ အရဲပျောက်ပြီးသကာလ အမဲပေါ်ပေါက်လာငြားသော်၊ ကိုင်ရဲသေးလား. . . (မကိုင်ရဲသေးပါဘုရား)။

ဘာကြောင့်တုံးဆိုတော့ သတ္တိကျန်နေတယ်. . . (မှန်ပါ့ဘုရား)၊ အပူသတ္တိ ကျန်နေတယ်၊ မကျန်ဘူးလား. . . (ကျန်ပါတယ်ဘုရား)၊ အဲဒီအပူမီးသတ္တိကို သူကငြိမ်းဖို့ ပေါ်လာတဲ့တရား။

## အမဲထဲကအပူကို ဖိုလ်ကငြိမ်းရတယ်

အပူသတ္တိကို ငြိမ်းဖို့ပေါ်လာတဲ့တရား၊ အရဲကို မဂ်ကငြိမ်းတယ်၊ အမဲထဲက အပူကို ဖိုလ်ကငြိမ်းရမယ်. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါတယ်ဘုရား)။

ခင်ဗျားတို့ကိလေသာက သာမညကိလေသာ မဟုတ်ဘူး၊ ဟုတ်လား၊ ကြမ်းတမ်းတာကြီး၊ သြော်. . . ကြမ်းတမ်းတာကြီးကို မဂ်နဲ့ သတ်တာတောင်မှ အနုကိလေသာက အရှိန်အစော် ကျန်နေသေးတယ်၊ ကျန်နေရစ်တဲ့အတွက် ဖိုလ်ပြန်ပေါ်ရတယ်၊ မပေါ်ရပေဘူးလား. . . (ပေါ်ရပါတယ်ဘုရား)။

ဒါဖြင့် သူလည်းကိလေသာစွန့်တာပေါ့ဗျာ၊ ဘယ်ကိလေသာတုံးလို့မေးတော့၊ ဟိုမဂ်သတ်လို့ ကျန်နေတဲ့ အငွေ့အသက်ပေါ့ဗျာ၊ ဘယ်နှယ့်ဆိုကြမယ်. . . (မဂ်သတ်လို့ ကျန်နေတဲ့ ကိလေသာအငွေ့အသက်ပါဘုရား)။

အဲဒီအငွေ့အသက်ကလေးဟာ ပဋိပဿဒ္ဓနပဟာန်-တစ်ဖန် ငြိမ်းစေတတ်တယ်ဆိုတည်းကိုက အငွေ့အသက်ရှိလို့သာပေါ့ဗျာ၊ မရှိရင် တစ်ဖန်ငြိမ်းတယ်ဆိုတဲ့ စကားသုံးစရာလိုသေးလား. . . (မလိုပါဘုရား)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် မဂ်ပြီးဘာလာသတုံး၊ မဂ္ဂင်ရှစ်ပါးလာပြီးတော့ ဖိုလ်မဂ္ဂင်ရှစ်ပါးလာတယ်ဆိုတော့ သူလည်း နှစ်ကိစ္စပဲလို့မှတ်တာပေါ့။

သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ ကိလေသာလည်းစွန့်. . . (ခန္ဓာလည်းစွန့်ပါတယ်ဘုရား)၊ နိဗ္ဗာန် လည်းမြင်တာပဲဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။ အဲဒီတော့ကို ဒီလိုယူပါတဲ့။

မဂ်နဲ့သူနဲ့ အရှင်ဘုရား နဲနဲမတူတော့ဘူးလားလို့ မေးတဲ့အခါကျတော့ ကိလေသာ စွန့်တဲ့နေရာမှာလည်း အရဲနဲ့အမဲကွာတယ်ဆိုတာ ပြောပြီးပြီ. . . ။

အရဲငြိမ်းသွားတာက မဂ်၊ အမဲကို ငြိမ်းရမှာက ဖိုလ် . . . (မှန်ပါ) အထဲထဲက ပူနေတဲ့ အပူက မရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ အဲဒါ ငြိမ်းသတ်တာက. . . (ဖိုလ်ပါဘုရား)။

## ဖိုလ်ဉာဏ်သည် မဂ်ဉာဏ်ထက်သတ္တိထက်တယ်

အေး. . . အဲဒီတော့ ဖိုလ်ဉာဏ်သည် မဂ်ဉာဏ်ထက် သူက သတ္တိထက်တယ်လို့ ဒကာ ဒကာမတွေ ဆိုကြစမ်းပါ. . . (မှန်ပါ)။

ဘယ့်နှယ်ကြောင့် မဂ်ထက် သတ္တိထက်ရသတုံး ဦးဘ အုန်း မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

အေး. . . ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ ဒီစစ်ပြိုင်တိုက်ရတာနဲ့ နောက်ငြိမ်းချမ်းရေး လိုက်ရတာနဲ့၊ အုပ်ချုပ်ရေး ငြိမ်းချမ်းရေး အုပ်ချုပ်တာနဲ့ ခင်ဗျားတို့ ဘယ်ဟာ က လွယ်မယ်ထင်သတုံး. . . (ငြိမ်းချမ်းရေးလုပ်ရတာ ခက်ပါ တယ်ဘုရား)၊ ငြိမ်းချမ်းရေးက ခက်တယ်၊ ဟိုမှာ အစွန်ထလာ၊ ဟိုက အစွယ်ထောက်လာ၊ အစွယ်လေးတက်လာနဲ့ ဟုတ်ဖူးလား . . . (မှန်ပါ)။

စစ်ကြီး ပြီးသွားဖို့ရာ အလွယ်လေးရယ်. . . (မှန်ပါ ဘုရား)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ စစ်ကြီး ပြီးသွားဖို့ရာ နှစ်ဘက်ယှဉ်တိုက်လိုက်လို့ ဒကာ ဒကာမတို့

လက်နက်ကုန်ကြပြီ လူလည်းထပ်ပြည့်အောင် မဖွဲ့နိုင်ကြဘူး ဆိုရင် လက်မြှောက်ကြတာပဲ. . . (မှန်ပါ့)။

နုနုလက်မမြှောက်ဘဲနဲ့ ဟိုကပ် ဒီကပ်နဲ့ ငြိမ်းချမ်းရေး လုပ်ရတော့မယ်ဆိုတော့ မကြာဘူးလား. . . (ကြာပါတယ် ဘုရား)။

## ဖိုလ်ကမှလုပ်နိုင်တာ

အဲ. . . ဒီမှာ ဒကာ ဒကာမတို့ စစ်ကြီးပြီးအောင် မင်္ဂကလုပ်ခြားသော်လည်း စစ်ပြေငြိမ်းအောင် တကယ့်ကို ငြိမ်းချမ်းရေးရအောင် ဖိုလ်ကမှ လုပ်နိုင်တာ. . . (မှန်ပါ့) သူမှတစ်ပါးလုပ် ပေးမယ့်သူမရှိဘူး. . . (မရှိပါဘုရား) သဘောပါပလား. . . (ပါပါတယ်ဘုရား)။

ကိလေသာ ရန်သူတွေ ဒကာ ဒကာမတို့ ဖိုလ်က ငြိမ်းချမ်းရေးဖြစ်အောင် လုပ်ပါတယ်ဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## ဖိုလ်ဉာဏ်ကနှစ်ကိစ္စ

ဒါဖြင့် သူ နှစ်ကိစ္စလို့မှတ်၊ ငြိမ်းချမ်းရေးကိစ္စရယ်, နိဗ္ဗာန်မြင်တဲ့ကိစ္စရယ်, ခန္ဓာတော့ သူက စွန့်စရာ မလိုတော့ဘူး . . . (မှန်ပါ့)။

ဘာပြုလို့တုံးဆိုတော့ ဒုက္ခသစ္စာမှ သူပိုင်းခြားစရာမလို တော့ဘူး၊ ဖိုလ်က ပိုင်းခြားစရာ မလိုတော့ဘူး၊ မဂ်က တစ်ခါ တည်းပိုင်းပြီး မင်းနေရစ်တော့ဆိုပြီး စွန့်ခဲ့ပြီကော၊ သဘောကျ ပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဖိုလ်ကိစ္စက ကိလေသာကိုလည်း ငြိမ်းချမ်းရေး ရအောင်လည်း လုပ်နိုင်တယ်၊ နိဗ္ဗာန်ကိုလည်း မြင်နိုင်တယ်၊ သူက ၂-ကိစ္စ၊ ရှင်းပလား. . . (ရှင်းပါတယ်ဘုရား)။

ဖိုလ်က ဘယ်နှစ်ကိစ္စပါလိမ့်. . . (နှစ်ကိစ္စပါဘုရား)၊ အင်း. . . နိဗ္ဗာန်ကိုမြင်တဲ့ ကိစ္စရယ်၊ ကိလေသာ ငြိမ်းချမ်းရေးရ အောင်၊ အအေးရအောင်လုပ်တဲ့ကိစ္စရယ်၊ ဖိုလ်ကိစ္စ. . (မှန်ပါ့ ဘုရား)၊ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

အဲဒါကြောင့် ပါဠိတော်က 'နိဗ္ဗာနံ ဖလဿ အာရမ္မဏ ပစ္စယေန ပစ္စယော' လို့ ဟောလိုက်တယ်. . . (မှန်ပါ့)၊ နိဗ္ဗာန်နဲ့ ဖိုလ်ပဲကွာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

သူက ဒုက္ခသစ္စာတွေ ပိုင်းခြားဖို့ လိုသေးလား. . . (မလိုပါဘုရား) အေး. . . မလိုတဲ့အတွက် ဟိုမှာကော မဂ်တုန်း က ဒုက္ခသစ္စာတွေ ပိုင်းခြားနေတဲ့အတွက် မင်းနေရစ်တော့လို့ လုပ်နေရတဲ့အတွက် ခန္ဓကိုလဲစွန့်။

ဒီမှာတော့ ဟိုကလို ခန္ဓာကိုစွန့်ဖို့ လိုသေးလား. . . (မလိုပါဘုရား) မလိုတော့ကိုတဲ့၊ ဒကာ ဒကာမတို့ ၂-ကိစ္စ ရက်ဆောင်တယ်လို ယတာပေါ့. . . . (မှန်ပါ့)။

ဦးဘအုန်းတို့ ကျေနပ်ပလား. . . (ကျေနပ်ပါတယ် ဘုရား)၊ ကိလေသာ ငြိမ်းချမ်းရေး ရအောင်လည်း ဘယ်သူ့ကိစ္စ . . . (ဖိုလ်ကိစ္စပါဘုရား)၊မဂ်ကိစ္စတုန်းကတော့ကိလေသာပယ်မှု ကိစ္စနော်၊ အခုဟာက ငြိမ်းချမ်းရေးရအောင်ကိစ္စ မထူးခြားဘူး လား. . . (ထူးခြားပါတယ်ဘုရား)၊ အဲ့ဒီလို သွားလိုက်စမ်း ပါဆိုတော့ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## မဂ်နောက်ကလိုက်တဲ့ဖိုလ်

မဂ်နောက်ကလိုက်တဲ့ ဖိုလ်အကြောင်းကိုပြောတယ်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ ဘယ်လိုပြောပါ လိမ့်. . . (မဂ်နောက်ကလိုက်တဲ့ ဖိုလ်အကြောင်းကို ပြောပါ တယ်ဘုရား)။

## ဉာဏ်ဖျင်းတဲ့ပုဂ္ဂိုလ်မှာ

အဲဒီတော့ ဖိုလ်ဟာ ဘယ်နှစ်ကြိမ်များ လာတတ်ပါ သတုံးဆိုရင်ဖြင့် ဒကာ ဒကာမတို့ ညံ့ဖျင်းတဲ့ပုဂ္ဂိုလ်မှာ နှစ်ကြိမ် လာတတ်တယ်၊ တစ်ဖိုလ်ချုပ်ပြီးနောက် တစ်ဖိုလ်လာတာပဲ၊ ဉာဏ်ဖျင်းတဲ့ပုဂ္ဂိုလ်မှာနော်။

## ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်မှာ

ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်မှာတော့ တစ်၊ နှစ်၊ သုံး ဆိုပြီး နောက် ဒီပြင်တခြားစိတ်တွေ၊ ဘဝင်စိတ်တွေ လာတော့တာ ပဲနော်. . . (မှန်ပါ့ဘုရား)၊ ပစ္စဝေက္ခဏာစိတ်တွေ လာတော့ တာပဲ၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## မဂ်ဉာဏ်ရရင် ဖိုလ်ဉာဏ်ရလာမည်

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဒီအခု ဗဟုသုတ ရှိအောင်လို့ ဦးဘတင် ဘုန်းကြီးပြောနေတယ်နော်. . . (မှန်ပါ့ ဘုရား)၊ မဂ်ဉာဏ်ရရင် ဖိုလ်ဉာဏ်ရဖို့ အထူးလုပ်နေစရာ လိုသေးလို့လား. . . (မလိုပါဘုရား)။

ဝိပဿနာဉာဏ် ရှေ့ထားရမယ်၊ ဝိပဿနာဉာဏ်မှ ရှေ့မထားလို့ရှိရင်လည်း မဖြစ်ပေဘူး. . . (မှန်ပါ့)၊ ကောင်းပြီ ဒါဖြင့် ပြန်ပြောပါဦးမယ် ဒကာ ဒကာမတို့ ဒုတိယ ဖိုလ်လည်း ပြောတော့ ပြောရမယ်နော်၊ အချိန်ကသိပ်မရှိဘူး။

ဖိုလ်ဉာဏ် ဖြစ်ဖို့ရာ အထူးအားထုတ်ရတာလား၊ ဓမ္မ နိယာမသဘောနဲ့လာတာလား. . . (ဓမ္မနိယာမ သဘောနဲ့ လာတာပါဘုရား)၊ မဂ်ဉာဏ်ရဖို့ကျတော့ ဒကာ ဒကာမတို့ မဂ်ဉာဏ်ရဖို့ကို အားထုတ်ရတယ်မဟုတ်လား။

ကဲ. . . မဂ်ဉာဏ်ရဖို့ရာကို ဘယ်သူတွေ ရှေ့ဆောင်မှ ရရမှာတုံး. . . (ဝိပဿနာဉာဏ် ရှေ့ဆောင်မှပါဘုရား) ကောင်းပြီ မဂ်ဉာဏ်ရဖို့ ဝိပဿနာရှေ့ဆောင်မှရမယ်၊ ဝိပဿနာရှေ့ဆောင်မှု အလုပ်လုပ်ချင်ပြန်လို့ရှိရင်လည်း ဟိုတစ်နေ့က ပြောတာနဲ့ပြန်ဆက်။

## သက္ကာယဒိဋ္ဌိအရင်ဖြုတ်ရမယ်

သက္ကာယဒိဋ္ဌိအလျင်ဖြုတ်ရမယ် ဝိပဿနာဉာဏ် လုပ်မယ်ကြံရင်. . . (သက္ကာယဒိဋ္ဌိ အလျင်ဖြုတ်ရပါတယ် ဘုရား)၊ သက္ကာယဒိဋ္ဌိ ဖြုတ်မယ်ကြံလို့ရှိရင်လည်း အရမ်းဖြုတ် လို့မရဘူး။

## ခန္ဓာပဋိစ္စသမုပ္ပါဒ်ပေါ်တိုင်းသိရမယ်

ခန္ဓာပဋိစ္စသမုပ္ပါဒ်ပေါ်တိုင်းသိ. . . (သိရမယ်ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ခုမှ ပြန်ပေါင်းတာ တရားက။

ရိပ်မိပလား ဦးဘအုန်း ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ မဂ်ဉာဏ်ရချင်လို့ရှိရင် ဘာလုပ်မတုံး. . . (ဝိပဿနာရှုရပါ မယ်ဘုရား)။

ဝိပဿနာဉာဏ်လုပ်ရမယ်၊ ဝိပဿနာဉာဏ်လုပ်မယ် ကြံရင် ဘာရှေ့သွားရှိရမတုံး. . . (သက္ကာယဒိဋ္ဌိဖြုတ်ခြင်း ရှေ့သွားရှိရပါမယ်ဘုရား)။

အင်း. . . သက္ကာယဒိဋ္ဌိဖြုတ်ရမယ်၊ သက္ကာယဒိဋ္ဌိ ဖြုတ်ချင်လို့ရှိရင် ဘာလုပ်ရမတုံး. . . (ခန္ဓာပဋိစ္စသမုပ္ပါဒ် သိရပါမယ်ဘုရား)။

ခန္ဓာပဋိစ္စသမုပ္ပါဒ် သိရမယ်၊ ခန္ဓာပဋိစ္စသမုပ္ပါဒ် မသိလို့ ရှိရင်သက္ကာယဒိဋ္ဌိက မဖြုတ်ဘူး၊ မဖြုတ်ဘဲနဲ့ ဝိပဿနာ ဉာဏ်ရှု နေရင်၊ ဘယ်တော့မှ မရလို့မှတ် သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါ. . . ဒကာ ဒကာမတို့ ဒီအခုပြောခဲ့တဲ့ အစီအစဉ်သည် အလုပ်စဉ်ကောပါပြီမဟုတ်လား. . . (ပါ ပါပြီဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ မဂ်ဉာဏ်ရချင်ရင် ဘာလုပ်ရမယ်. . . (ဝိပဿနာလုပ်ရပါမယ်ဘုရား)။

ဝိပဿနာဉာဏ် လုပ်မယ်ကြံရင်၊ ဘာရှေ့ထားရမယ် . . . (သက္ကာယဒိဋ္ဌိဖြုတ်ခြင်း ရှေ့ထားရပါမယ်ဘုရား)။

သက္ကာယဒိဋ္ဌိဖြုတ်ရမယ်၊ သက္ကာယဒိဋ္ဌိဖြုတ်ချင်လို့ရှိရင် ဘာရှေ့ထားရမယ်. . . (ခန္ဓာပဋိစ္စသမုပ္ပါဒ်ပေါ်တိုင်း သိပေး နေရပါမယ်ဘုရား)၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်ပေါ်တိုင်း သိရမယ်။

ခန္ဓာ ပဋိစ္စသမုပ္ပါဒ်က နားကပေါ်လို့ရှိရင် နားက ဝိညာဏက္ခန္ဓာပေါ်ပြန်ပြီ၊ နားက ဝေဒနာက္ခန္ဓာ အင်း. . .

နှာခေါင်းမှာ ပေါ်လာရင် နှာခေါင်းမှာ ဝိညာဏ်နာမ်ရုပ် ပေါ်လာပြန်ပြီ မပြောထိုက်ဘူးလား. . . (ပြောထိုက်ပါတယ်ဘုရား)။

အဲဒီကနေ သွားမှ ဝိညာဏ်နာမ်ရုပ်၊ သဠာယတန ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဒီအတိုင်း မသိရပေဘူးလား. . . (သိရပါတယ်ဘုရား)၊ ဤကဲ့သို့မှ မသိလို့ရှိရင်ဖြင့် ပုဂ္ဂိုလ်သတ္တဝါ ပျောက်ပါ့မလား. . . (မပျောက်ပါဘုရား)။

ပုဂ္ဂိုလ်သတ္တဝါ မပျောက်လို့ရှိရင် ဒိဋ္ဌိကရှိနေမယ်၊ ဒိဋ္ဌိရှိရက်နဲ့ ဖြစ်ပျက်ရှုနေလို့ရှိရင် နှစ်ပေါင်းလေးဆယ်မကဘူး ငါးဆယ်အားထုတ်မရဘူးတဲ့. . . (မှန်ပါ့)၊ ရပါအုံးမလား. . . (မရပါဘုရား)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီအစီအစဉ်သည် အရေးတကြီးအစီအစဉ်ပဲဆိုရင် လွဲသလား. . . (မလွဲပါဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

အခု ဘာကျန်နေတယ်ဆိုတာ ဦးဝသိပြီမဟုတ်လား . . . (သိပါပြီဘုရား)၊ မဂ်နောက်က လိုက်တဲ့ဖိုလ်တော့ပြီးသွားပြီ ဝိပဿနာနောက်က လိုက်တဲ့ဖိုလ် မနက်ဖြန်မှပြောမယ်။

ကဲ-ဒီနေ့ ဒီတွင် တော်ကြဦးစို့

သာဓု. . . သာဓု. . . သာဓု။